ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်၊ တနင်္လာနေ့ (19-9-2011) (၆၈၈၇)

## ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၁၈**

ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့် ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ကျင်းပမည့် (၃၂)ကြိမ်မြောက် အာဆီယံပါလီမန်အမတ်များ အထွေထွေညီလာခံ (ASEAN INTER-PARLIAMENTARY ASSEMBLY) သို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

**ပို့ဆောင်နှုတ်ဆက်**

ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့် ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ဦးမြညိမ်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Sieng Bunvuth နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ကျင်းပမည့် (၃၂)ကြိမ်မြောက် အာဆီယံပါလီမန်အမတ်များ အထွေထွေညီလာခံသို့တက်ရောက်ရန် ထွက်ခွာသွားသော ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့် ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးမြညိမ်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

## မြန်မာ့ရုပ်သေး ဥရောပတွင် လှည့်လည်ကပြမည်

**ရန်ကုန် စက်တင်ဘာ ၁၈**

မြန်မာ့ရုပ်သေးအနုပညာကို ကမ္ဘာကသိအောင်ဟူသည့် ရည်ရွယ်ချက်ဖြင့် ဥရောပနိုင်ငံများ၌ လှည့်လည်ကပြဖျော်ဖြေရန် ထွေးဦး မြန်မာ့ရိုးရာယဉ်ကျေးမှုရုပ်သေးအဖွဲ့သည် စက်တင်ဘာ ၁၈ ရက်မှ အောက်တိုဘာ ၁၉ ရက်အထိ ပြင်သစ်နိုင်ငံ **စာမျက်နှာ ၂ ကော်လံ ၁ သို့**✤

ဂျာမနီနိုင်ငံရှိ Die Kiste Das Augsburger ရုပ်သေးပြတိုက်၌ ပြသရန် ပေးပို့ခဲ့သော သူငယ်တော်ရုပ်များအား တွေ့ရစဉ်။

## ယနေ့သတင်းအညွှန်း

### ကြံသီးနှံအထွက်ကောင်းစေရေး မျိုးကောင်းမျိုးသန့်ပြောင်းလဲသုံးစွဲ သိပ္ပံနည်းကျစိုက်နည်းစနစ်များဖြင့် ကြံစိုက်တောင်သူများ၏ဝင်ငွေ သုံးဆတိုးလာမည်

နိုင်ငံတော်ကလည်း ကြံတစ်တန်၏တန်ဖိုး ကြမ်းခင်းဈေးကို တစ်တန်လျှင် ငွေကျပ် ၃၀၀၀၀ သတ်မှတ်လိုက်သဖြင့် ယခင်တစ်တန် ငွေကျပ် ၁၅၀၀၀ မှ ဝင်ငွေ နှစ်ဆတိုးလာ

သတင်း စာမျက်နှာ - ၈

### နိုင်ငံတစ်ဝန်း အော်တိုတယ်လီဖုန်းပေါင်း ၅၉၀၀၀၀ ခန့် တပ်ဆင်ထား၊ တယ်လီဖုန်းလိုင်းများ ပြတ်တောက်မှုမရှိစေရေး အလေးထားဆောင်ရွက်

G.S.M မိုဘိုင်းလ်တယ်လီဖုန်း တိုးချဲ့တပ်ဆင်ရေးစီမံကိန်းအား သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြီးစီးအောင် မိမိတို့ဝန်ကြီးဌာနက ဆောင်ရွက်နေ

သတင်း စာမျက်နှာ - ၇

### ဝိန်းရွှန်နေးအား ဘာရာဇီးဂန္ထဝင်ကစားသမား ပီလီနှင့် ဖာဂူဆန်နှိုင်းနှိုင်း

ရွှန်နေးသည် ကြာသပတေးနေ့ညက ကစားခဲ့သော ချန်ပီယံလိဂ် အဖွင့်ပွဲစဉ်တွင် အကောင်းဆုံးပုံစံဖြင့် ကစားသွားသောကြောင့် ဖာဂူဆန်အနေဖြင့် ယင်းသို့နှိုင်းနှိုင်းခဲ့ခြင်းဖြစ်

သတင်း စာမျက်နှာ - ၁၀

### ဂြိုဟ်တုဟောင်းတစ်စင်း စက်တင်ဘာ ၂၃ ရက်တွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ကျဆင်းမည်

အထက်လေထုလွှာ လေ့လာရေးဂြိုဟ်တု (ယူအေအာရ်အက်စ်) ကျဆင်းမှုကြောင့် ကမ္ဘာသူကမ္ဘာသားများ ထိခိုက်နိုင်မှု အလားအလာမှာ အလွန်နည်းပါး

သတင်း စာမျက်နှာ - ၄

ကြေးမုံ The Mirror
၁၉-၉-၂၀၁၁
(တနင်္လာနေ့)

# ထုတ်လုပ်မှုမြှင့်တင် အရည်အသွေးအလေးထား

ကမ္ဘာ့နိုင်ငံတိုင်းက လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ရှေးရှုကြိုးပမ်းနေကြပြီ။ မိမိတို့နိုင်ငံအနေဖြင့် အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းလိုက်နိုင်ရေး ကြိုးပမ်းကြရပေမည်။ နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ပိုမိုကြိုးစားအားထုတ်ကြရမည့် အချိန်အခါဖြစ်သည်။

ယခုအခါ နိုင်ငံတစ်ဝန်း၌ စီးပွားရေးကဏ္ဍများအလိုက် စီမံကိန်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်လျက်ရှိသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံလိုအပ်ချက်သည် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ရေးပင်ဖြစ်သည်။ ဒေသတစ်ခုနှင့် တစ်ခုအကြား ကူးလူးဆက်သွယ်ရောင်းဝယ်မှုများ မြန်ဆန်သွက်လက်လာသည်နှင့်အမျှ စီးပွားရေးလုပ်ငန်းများ တိုးတက်လာမည်။ ပညာရေး၊ ကျန်းမာရေးနှင့် လူနေမှုအဆင့်အတန်းများ ပိုမိုမြင့်မားလာမည်ဖြစ်သည်။

သာဓကအားဖြင့် ဧရာဝတီမြစ်ကြီးကို ဖြတ်ကျော်၍ တံတားကြီးများ တည်ဆောက်ပေးထားသည်။ ဧရာဝတီမြစ်ကျော် တံတားကြီးကိုးစင်း တည်ဆောက်ပြီးစီး၍ ပြည်သူအများ ကူးသန်းသွားလာ ရောင်းဝယ်ဖောက်ကားနေကြပြီ။ ဧရာဝတီမြစ်ကျော်တံတားကြီး ငါးစင်းကို ဆက်လက်တည်ဆောက်လျက်ရှိရာ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ပိုမိုအကျိုးပြုလာနိုင်မည်ဖြစ်သည်။

မြစ်ကူးတံတားကြီးများ တည်ဆောက်ရာတွင် လုပ်ငန်းပမာဏကြီးမားလှသဖြင့် အရည်အသွေး ကောင်းမွန်ခိုင်ခံ့မှုရှိရေး အထူးအလေးထားကြရပေမည်။ တံတားကြီးများ ပြီးစီးသင့်သည့်အချိန်တွင် ပြီးစီးရန်ကြိုးပမ်းကြရသကဲ့သို့ တစ်ဖက်မှလည်း ငလျင်ဒဏ်၊ သဘာဝဘေးဒဏ် စသည်တို့ခံနိုင်ရေး၊ မိမိတို့တည်ဆောက်လိုက်သည့် တံတားကြီး အရည်အသွေးမီ ခိုင်ခိုင်ခံ့ခံ့ရှိရေး ဂရုပြုတည်ဆောက်ကြရန် လိုအပ်မည်ဖြစ်သည်။

ယနေ့ကာလတွင် ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းလျက်ရှိသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးလျက်ရှိရာ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ မြှင့်တင်ရုံ၊ ပြည်တွင်းဈေးကွက်တစ်ခုတည်းဝင်ရောက်နိုင်ရုံဖြင့် လုံလောက်မှုမရှိပေ။ ထုတ်လုပ်နိုင်သမျှ ထုတ်ကုန်များ ပြည်တွင်းနှင့် ပြည်ပဈေးကွက်အထိ အောင်အောင်မြင်မြင်ထိုးဖောက်နိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။

နိုင်ငံတကာဈေးကွက်ဝင် ကုန်ပစ္စည်းထုတ်လုပ်ရာတွင်ဖြစ်စေ၊ လုပ်ငန်းများ လုပ်ဆောင်ရာတွင်ဖြစ်စေ အရေအတွက်ထက် အရည်အသွေးကောင်းမွန်ရေးသည် ပဓာနထားရမည့်အချက်ဖြစ်လာသည်။ သို့ဖြစ်၍ ကဏ္ဍအလိုက် တာဝန်ထမ်းဆောင်နေသူအသီးသီးတို့က ကုန်ပစ္စည်းထုတ်လုပ်မှု၊ စီမံကိန်းတည်ဆောက်မှုလုပ်ငန်းများမှသည် နိုင်ငံတည်ဆောက်မှုလုပ်ငန်းများအထိ စိတ်ဓာတ်ကောင်း၊ အရည်အချင်းပြည့် ကြိုးစားအားထုတ်မှုများဖြင့် အရည်အသွေး ကောင်းမွန်ရေး အလေးထားလုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း တိုက်တွန်းလိုက်ရပေသည်။ ။

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းအတွက် မတည်ရင်းနှီးငွေ ပေးအပ်ပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## ပြည်သူလူထုအနေဖြင့် မတည်ရင်းနှီးငွေများကို အကျိုးရှိရှိအသုံးချကြရန်လို ပြည်ထောင်စုဝန်ကြီး မတည်ရင်းနှီးငွေ ပေးအပ်ပွဲ၌ ပြောကြား

**ရန်ကုန် စက်တင်ဘာ ၁၈**

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်သည် စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြတ်မင်္ဂလာခန်းမ၌ ကျင်းပသည့် အသေးစားပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းအတွက် မတည်ရင်းနှီးငွေ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသည့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းသည် ပြည်သူလူထု အကျိုးစီးပွားအတွက် ရည်ရွယ်ဆောင်ရွက်နေသော လုပ်ငန်းစဉ်များအနက်မှ တစ်ခုဖြစ်ကြောင်း၊ ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက မတည်ရင်းနှီးငွေများကို အသေးစားပုဂ္ဂလိက ငွေစုငွေချေး ကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် ချေးငွေများ ထုတ်ပေးခြင်းဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့် ရရှိသည့် မတည်ရင်းနှီးငွေများကို ကုန်ထုတ်လုပ်ငန်း၊ ကိုယ်ပိုင်နှင့် ကျပန်းလုပ်ငန်းများအတွက် အကျိုးရှိရှိ အသုံးချကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်က အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းအဖွဲ့ဆိုင်ရာ စည်းမျဉ်းများအကြောင်းကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက မင်္ဂလာတောင်ညွန့်မြို့နယ် အသေးစား ငွေစုငွေချေးလုပ်ငန်းအတွက် မတည်ရင်းနှီးငွေကျပ် သိန်း ၁၁၃၀ ကို ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့က စနစ်တကျ ချေးငွေထုတ်ပေးနေမှုကို ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)



ဥရောပလေးနိုင်ငံ၌ လှည့်လည်ကပြရန် စက်တင်ဘာ ၁၅ ရက် ညနေပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားသော ထွေးဦး မြန်မာ့ရိုးရာယဉ်ကျေးမှု ရုပ်သေးအဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။ (သတင်းစဉ်)

### ✤ မြန်မာ့ရုပ်သေးမှ

Charleville - Mezieres မြို့၌ ကျင်းပမည့် (၁၆)ကြိမ်မြောက် ကမ္ဘာ့ရုပ်သေးပွဲတော်သို့ တက်ရောက်ကပြပြီး ဂျာမနီ၊ ပော်လန်၊ ဩစတြီးယားနှင့် ပြင်သစ် စသည့် ဥရောပလေးနိုင်ငံရှိ မြို့ ၁၂ မြို့၌ ပွဲပေါင်း ၃၀ ခန့် လှည့်လည်ကပြသွားမည် ဖြစ်သည်။

အဆိုပါအဖွဲ့တွင် ထွေးဦးရုပ်သေးအဖွဲ့ကို တည်ထောင်သူများဖြစ်ကြသည့် အနုပညာဒါရိုက်တာ ဦးခင်မောင်ထွေးနှင့် မန်နေဂျာ ဒေါ်တင်တင်ဦး၊ ရုပ်သေးပညာရှင်များဖြစ်ကြသော ဦးထွန်းကြည်(ခ) ဒေါင်းရင်၊ ဦးမောင်ကြည်၊ ဒေါ်တင်နန်းမြင့်(ခ) နန်းတင်နှင့် ဒေါ်ချိုချိုစန်းတို့ လိုက်ပါသွားကြပြီး အဖွဲ့တွင် ပါဝင်သည့် ရုပ်သေးပညာရှင်ကြီးများမှာ နိုင်ငံတော်က ကျင်းပခဲ့သည့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများ၌ ရွှေတံဆိပ်ရရှိထားကြသူများဖြစ်သည်။

ဂျာမနီနိုင်ငံ Augsburg မြို့ရှိ Die Kiste Das Augsburger ရုပ်သေးပြတိုက်မှ တာဝန်ရှိသူများက အဆိုပါ ရုပ်သေးပြတိုက်၌ အမြဲတမ်းပြသနိုင်ရန် ကမ်းလှမ်းသဖြင့် ထွေးဦး မြန်မာ့ရိုးရာယဉ်ကျေးမှု ရုပ်သေးအဖွဲ့က သူငယ်တော် အရုပ်ငါးရုပ်၌ အိုးစည်၊ ဒိုးပတ်၊ ဝါးလက်ခုပ်၊ လင်ကွင်းနှင့် နှဲများ တပ်ဆင်ကာ ဇူလိုင်လက ကြိုတင်ပေးပို့ခဲ့ရကြောင်း သိရသည်။

(ညွန့်သန်း-သတင်းစဉ်)

## ပြည်သူ့ရေးရာအရာရှိသင်တန်းဆင်းများ တွေ့ဆုံပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၈**

ဗဟိုဝန်ထမ်းတက္ကသိုလ် (ယခင် ဗဟိုပြည်သူ့ဝန်ထမ်းကျောင်း) ဖောင်ကြီး ပြည်သူ့ရေးရာအရာရှိသင်တန်း အောင်ဆန်း(၁)မှ သင်တန်းဆင်းအရာရှိများ တွေ့ဆုံပွဲကို ဒီဇင်ဘာလအတွင်း ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ရာ နေရပ်လိပ်စာပေးပို့ခြင်း မပြုရသေးသူများသည် တွေ့ဆုံပွဲကျင်းပရေးအဖွဲ့ဝင် ဦးသောင်းကြည် ဖုန်း-၀၁-၅၀၁၇၃၆ နှင့် ဦးစံမြင့် ဖုန်း-၀၉-၇၃၀၂၅၂၇၉ တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(သတင်းစဉ်)

မိဘများဖြစ်ကြသော ဦးမောင်မောင်-ဒေါ်မြင့်မြင့်တို့အား ရည်စူး၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်နေ ဦးအောင်မင်း-ဒေါက်တာခင်သင်းသင်း၊ သမီး ခိုင်ခိုင်ဇင် မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)၌ ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် မတည်အလှူငွေနှင့် ဆွမ်းတစ်နေ့စာ အလှူငွေကျပ် ၂၈ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံ)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၁၉-၉-၂၀၁၁ (တနင်္လာနေ့)**

**နံနက်ပိုင်း**

၇း၀၄ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၂၀ ၃။ ဓမ္မပူဇာတေး
၇း၂၅ ၄။ မျိုးချစ်တပ်မတော်
၇း၃၀ ၅။ မြန်မာ့ရှုခင်း
၇း၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ ပညာပေးဇာတ်လမ်းတို
၈း၂၅ ၁၂။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ စိုက်ပျိုးသုတ
၄း၂၅ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၃၅ ၆။ လျှပ်တစ်ပြက်
၄း၄၅ ၇။ ဗွီစီဒီကျော်ကြားတေး
၅း၀၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် (အပိုင်း-၃၇)**
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကောင်းကင် (အပိုင်း-၇)**
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ အမျိုးသားရေးတေးကဗျာ
၁၆။ ဒို့တာဝန်အရေး(၃)ပါး
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ Talk of The Town
၂၀။ မေးမြန်းစူးစမ်း
၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ထာဝရချစ်သူ (အပိုင်း-၅၂)**
၂၄။ Mini Series

ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၃)ရပ်ကွက် သီရိမြိုင်(၄)လမ်းနေ ကွယ်လွန်သူ ဦးညွန့် (၁၁)နှစ်ပြည့်အား ရည်စူး၍ ကျန်ရစ်သူမိသားစုက ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းသို့ အလှူငွေကျပ် ၂၅၀၀၀၀ လှူဒါန်းစဉ်။ (ကြေးမုံ)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၈-၉-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၃၃၀၀ | ၀. ၀၃၂၉၇ |
| တရုတ် (ယွမ်) | ၆. ၃၈၃၀၀ | ၀. ၁၅၆၆၇ |
| အိန္ဒိယ (ရူပီး) | ၄၇. ၃၂၀၀ | ၀. ၀၂၁၁၃ |
| မလေးရှား (ရင်းဂစ်) | ၃. ၀၉၀၅၀ | ၀. ၃၂၃၅၇ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၄၀၉၀ | ၀. ၈၀၅၈၇ |
| ဂျပန် (ယန်း) | ၇၆. ၇၇၀၀ | ၀. ၀၁၃၀၃ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၁၂. ၅၀ | ၀. ၀၀၀၉၀ |
| ယူရို | ၀. ၇၂၄၈၀ | ၁. ၃၇၉၇၀ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၃၄၅ | ၁. ၅၇၈၆၆ |

အင်တာနက်။

# ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် ပညာကိုမဏ္ဍိုင်ပြုပြီး လိုရာခရီးသို့ချီတက် နိုင်ငံတော်ကအပ်နှင်းထားသည့်လုပ်ပိုင်ခွင့်ကို တလွဲအသုံးမချမိအောင် ရှောင်ကြဉ်

**အမှာစကားပြောကြား**

**ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၄၂)သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

**နေပြည်တော် စက်တင်ဘာ ၁၈**

အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၄၂) သင်တန်းဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့-အဖွဲ့ဝင် ဒေါက်တာမြင့်အောင်၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်နှင့် တာဝန်ရှိသူများ၊ အခြေခံပညာ ဆရာ၊ ဆရာမ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၅၀၇ ဦး တက်ရောက်ကြသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူက အဖွင့်အမှာစကားပြောကြားရာတွင် ဒို့တာဝန်အရေးသုံးပါးသည် နိုင်ငံသားတိုင်း လိုက်နာစောင့်ရှောက်ကာကွယ်သွားကြရမည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို အောင်မြင်အောင် စွမ်းဆောင်နိုင်ရန်အတွက် နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ နိုင်ငံတော်ကာကွယ်ရေးအင်အားဖြစ်သည့် အင်အားသုံးရပ် တောင့်တင်းခိုင်မာရန်လိုကြောင်း၊ အင်အားသုံးရပ်တောင့်တင်းခိုင်မာရန်အတွက် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမဏ္ဍိုင်သည် ပညာရေးဖြစ်ကြောင်း၊ လူသားတစ်ဦးချင်းအနေဖြင့် သော်လည်းကောင်း၊ လူ့ဘောင်အဖွဲ့အစည်း တစ်ရပ်အနေဖြင့်သော်လည်းကောင်း၊ နိုင်ငံတစ်နိုင်ငံအနေဖြင့် သော်လည်းကောင်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပညာကိုမဏ္ဍိုင်ပြုပြီး လိုရာခရီးသို့ ချီတက်ကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် သဘာဝအရင်းအမြစ်ရော လူ့စွမ်းအားအရင်းအမြစ်ပါ နှစ်မျိုးစလုံးရှိပြီးဖြစ်ရာ လူ့စွမ်းအားအရင်းအမြစ်ကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်ပါကမုချမသွေ ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်လာမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ထမ်းများ အားလုံးတို့သည် ကာယ၊ ဉာဏ စွမ်းအားရှိသလောက် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ နိုင်ငံတော်က အပ်နှင်းထားသည့်လုပ်ပိုင်ခွင့်ကို တလွဲအသုံးချပြီး အပေါင်းအသင်းရောင်းရင်းများဖြစ်သဖြင့် အခွင့်အရေး ပိုပေးထားခြင်းများ၊ ဆွေမျိုးသားချင်းများဖြစ်၍ အခွင့်အလမ်းများ ပိုပြီး ဖန်တီးပေးခြင်းများ မလုပ်မိအောင် ရှောင်ကြဉ်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများကို အမျိုးသားရေးဦးတည်ချက်များနှင့်အညီ ကြိုးပမ်းတည်ဆောက်လျက်ရှိရာတွင် နယ်မြေဒေသအသီးသီးမှ ဆရာ၊ ဆရာမများကလည်း မိမိတို့ကျရာ ကဏ္ဍကနေ ပြည်သူများအပေါ် စေတနာထားပြီး အလုပ်အကျွေးပြုကြရမည် ဖြစ်ကြောင်း၊ နိုင်ငံသူ နိုင်ငံသားတိုင်း အခြေခံစာတတ်မြောက်ပြီး မြန်မာ့လူ့အဖွဲ့အစည်းကို အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းဖြစ်အောင် ဖော်ဆောင်ပေးကြရမည် ဖြစ်ကြောင်း၊ ကျောင်းပညာရေး၊ ကျောင်းပြင်ပပညာရေးနှင့် မိမိကိုယ်တိုင် သတ်မှတ်သင်ယူသည့် ပညာရေးတို့ကို နိုင်ငံသားအားလုံး၏ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆတက်ထမ်းပိုး တိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် အဓိကဆောင်ရွက်ရမည်မှာ စာမတတ်သူ ပပျောက်ရေးဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် စာမတတ်သူ ပပျောက်ရေးကို အဓိကဆောင်ရွက်ပေးနေသည့် ကျောင်းပြင်ပပညာရေး (Non-Formal Education) လုပ်ငန်းများကိုလည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက ထူးချွန်ဆုရ သင်တန်းသား၊ သင်တန်းသူများအား ဆုများချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို တပ်ခွဲအလိုက် ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌသည် သင်တန်းဆင်း ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့သည်။ (သတင်းစဉ်)

**သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်း နို့ချက်စက်ရုံ(ပြင်ဦးလွင်)၌ ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သမဝါယမလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးသန်းထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၈

**သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းသည် စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် မန္တလေးတိုင်းဒေသကြီး အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းတို့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပြင်ဦးလွင်မြို့နယ် ပြင်စာကျေးရွာအုပ်စု မြေပုံကျေးရွာရှိ စိုက်ခင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ယင်းနောက် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် "ကောင်း" စိုက်ပျိုးထုတ်လုပ်ရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်တို့ အကျိုးတူငှားရမ်းဆောင်ရွက်လျက်ရှိသည့် နို့ချက်စက်ရုံ(ပြင်ဦးလွင်)၌ သစ်သီးယိုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ထုပ်ပိုးမှုအပိုင်းနှင့် အရည်အသွေးကောင်းမွန်ရေးတို့ကို အလေးထားဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားသည်။

**ဆွေးနွေးမှာကြား**

ထို့နောက် ပြင်ဦးလွင်မြို့ မြို့မဈေးကြီးဈေးသမဝါယမအသင်းလီမိတက် အသင်းရုံးခန်းမ၌ ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ၍ ဈေးသူဈေးသားများအပေါ် လိုအပ်သည့် ငွေရေးကြေးရေးနှင့် လူမှုရေး အထောက်အပံ့များ အပြည့်အဝပေးနိုင်သည့် အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းသွားရန်နှင့် အသင်းဆက်လက်ရှင်သန်ဖွံ့ဖြိုးရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် စိုးစံမက်မန်းနှင့် ယိုလုပ်ငန်း၊ မြမြအေးယိုမျိုးစုံလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

**ဝါးခယ်မမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်း သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ခြင်း အခမ်းအနားကို စက်တင်ဘာ ၁၀ ရက်က ယင်းကျောင်းရှိ ဒေါ်ပိုက်မိ အားကစားခန်းမ၌ ကျင်းပရာ ဆုရကျောင်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။** (၁၈၂)

# မြန်မာ့ရိုးရာ နန်းတွင်း ရာမဇာတ်တော်ကြီး ကပြတင်ဆက်ရန် စီစဉ်နေ

**ရန်ကုန် စက်တင်ဘာ ၁၈**

မြန်မာတို့နှင့် ရာမဇာတ်တော်ကြီးမှာ စိမ်းမနေပါ။ ရာမဇာတ်တော်ထဲမှ သမင်လိုက်ခန်းဆိုလျှင် အဘိုးအဘွားတို့ ညအိပ်ရာဝင်ပြောသည့် ပုံပြင်များတွင် ပါတတ်ပါသည်။ သို့ရာတွင် ရာမဇာတ်တော်ကြီး၏ ဇာတ်ခန်းအပြည့်အစုံကို စုံလင်စွာကြည့်ရှုဖူးသူမှာမူ နည်းပါးနေပြီဖြစ်ပါသည်။ ရာမဇာတ်တော်ကြီး၏ ဇာတ်ခန်းအပြည့်အစုံကို ကပြခဲ့သည်မှာလည်း နှစ်ပေါင်း ၅၀ ကျော်ခဲ့ပြီဟု သိရသည်။

မြန်မာတို့၏ ရိုးရာနန်းတွင်း ရာမဇာတ်တော်ကြီး ဇာတ်ခန်းအပြည့်အစုံကို သက်ရှိထင်ရှားရှိနေသည့် ရာမပညာရှင်ကြီးများ မျက်ကွယ်မပြုမီ မှတ်တမ်းတင်နိုင်ရန် အဏ္ဏဝါသီရိ ရာမနန်းတွင်းဇာတ်တော်ကြီးအဖွဲ့နှင့် အိုးဘိုရာမနန်းတွင်းဇာတ်တော်ကြီးအဖွဲ့တို့ ပူးပေါင်း၍ တင်ဆက်ကပြရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

"ရာမဇာတ်တော်ကြီး ဇာတ်ခန်းအပြည့်အစုံ ၂၀ ခန်းကို တစ်ည(သို့မဟုတ်) နှစ်ည ကပြမှာဖြစ်ပါတယ်။ ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံမှာ ဒီဇင်ဘာလအတွင်း တင်ဆက်ကပြဖို့ ကြိုးပမ်းစီစဉ်နေပါတယ်။ ကပွဲက ရရှိလာတဲ့ အကျိုးအမြတ်ငွေများကို ရာမပညာရှင်များက မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းနှင့် ပုဂံရှေးဟောင်းဘုရားများ ပြုပြင်ထိန်းသိမ်းမွမ်းမံရေးအတွက် ခွဲဝေလှူဒါန်း ကုသိုလ်ယူသွားမှာပါ"ဟု ကပွဲဖြစ်မြောက်ရေးစီစဉ်နေသူထံမှ သိရသည်။ (ရီရီမြင့်-သတင်းစဉ်)

# လားရှိုးမြို့ အဆင့်မြင့်မန်ဆူပလာဇာဈေးသစ်ကြီး နိုဝင်ဘာလကုန်တွင် ပြီးစီးမည်

**လားရှိုး စက်တင်ဘာ ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန လားရှိုးမြို့နယ် စည်ပင်သာယာရေးနှင့် တာမိုးညဲ ပြည်သူ့စစ်ကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းဆောင်ရွက်ပြီး တည်ဆောက်မှုလုပ်ငန်းကို ဣန္ဒြိတံကုမ္ပဏီ(ရန်ကုန်) အင်ဂျင်နီယာများက တာဝန်ယူတည်ဆောက်လျက်ရှိသော အဆင့်မြင့်မန်ဆူဈေးကြီးမှာ နိုဝင်ဘာလအတွင်းပြီးစီးမည်ဟု တာဝန်ခံအင်ဂျင်နီယာ ဦးလှငွေး၏ ပြောကြားချက်အရသိရသည်။

အဆိုပါ အဆင့်မြင့် မန်ဆူပလာဇာဈေးသစ်ကြီးကို ၂၀၁၀ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် ပန္နက်တင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဈေးဧရိယာအလယ်ဗဟိုတွင် တည်ရှိမည့် သုံးထပ်အမြဲပလာဇာ အဆောက်အအုံနှစ်လုံးမှာ တစ်လုံးလျှင် ကျပ် သိန်း ၈၆၀၀ ဖြစ်သည်။ အဆောက်အအုံ နှစ်လုံးပေါင်း ကျပ် သိန်း ၁၇၂၀၀ ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

ယခုအဆောက်အအုံတစ်လုံးမှာ ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီး **(ယာပုံ)** ထိုအဆောက်အအုံ(က) ပလာဇာ ပြီးစီးပါက ဈေးဆိုင်များ နေရာချထားပေးမည်။

ထို့နောက်မှသာ အဆောက်အအုံ(ခ)ကို ဆောက်လုပ်မည်ဖြစ်ကြောင်း တာဝန်ခံအင်ဂျင်နီယာက ရှင်းပြသည်။ လက်ရှိအဆောက်အအုံ (က)အပြီးသတ်အပ်နှံနိုင်ရန် နိုဝင်ဘာလကုန်အပြီးတည်ဆောက်မည်ဟု သိရသည်။ (၅၃၃)

# သိန်းနီမြို့နယ် အထက၌ နိုင်ငံသားစိစစ်ရေးကတ် ပေးအပ်

**သိန်းနီ စက်တင်ဘာ ၁၈**

သိန်းနီမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်ပွဲ ကျင်းပရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်ဦးစီးဌာနမှူး ဦးမြင့်ကိုကို၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးနွယ်ဝင်း၊ မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးယဉ်မောင်ဆွေနှင့် မြို့မိ မြို့ဖများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။ (ကြေးမုံ)

**ဗ လ ငါး တန် ဖွံ့ ဖြိုး ဖို့ စာ အုပ် စာ ပေ လေ့ လာ စို့**

# ကန်မောင်းသူမဲ့ လေယာဉ်ပျက် လက်ရသိမ်းရေး ပါကစ္စတန်နှင့် တာလီဘန်တပ်ဖွဲ့များ တိုက်ပွဲဖြစ်

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၁၈**

အာဖဂန်နစ္စတန် နယ်စပ်ဒေသ၌ ပျက်ကျခဲ့သော အမေရိကန်မောင်းသူမဲ့ လေယာဉ်ဟု ယူဆရသည့် လေယာဉ်ပျက်အား ရယူနိုင်ရန် ပါကစ္စတန်တပ်ဖွဲ့များနှင့် တာလီဘန်များအကြား တိုက်ပွဲအပြင်းအထန်ဖြစ်လျက်ရှိကြောင်း ယနေ့သတင်းများ၌ ဖော်ပြထားသည်။

အဆိုပါ မောင်းသူမဲ့လေယာဉ်ကို ၎င်းတို့ပစ်ချခဲ့ခြင်းဖြစ်ကြောင်း တာလီဘန်များကပြောကြားခဲ့ကြောင်း၊ ယင်းမောင်းသူမဲ့လေယာဉ်သည် ပါကစ္စတန်နိုင်ငံ ဝါဇီရစ္စတန် ပြည်နယ်တစ်နေရာ၌ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်မောင်းသူမဲ့လေယာဉ်သည် နည်းပညာပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကြောင့် ပျက်ကျခဲ့ရသည် သို့မဟုတ် တာလီဘန်များ၏ ပစ်ချမှုကြောင့် ပျက်ကျခဲ့ရသည်ဟူသော အချက်များအား သဲသဲကွဲကွဲ သိရှိရခြင်းမရှိသေးကြောင်း ပါကစ္စတန်ထောက်လှမ်းရေး တာဝန်ရှိသူများက ပြောကြားခဲ့သည်။

မောင်းသူမဲ့လေယာဉ်ပျက်ကျမှုဖြစ်စဉ်အား တာလီဘန်များ၏ ရေဒီယိုဆက်သွယ်မှုများကို ကြားဖြတ်ထောက်လှမ်းခြင်းဖြင့် ပါကစ္စတန်အာဏာပိုင်များက သိရှိခဲ့ကြသည်။

ယင်းမောင်းသူမဲ့လေယာဉ်အပိုင်းအစများအား တာလီဘန်များက လက်ရသိမ်းဆည်းထားခဲ့သောကြောင့် ထိုလေယာဉ်ပျက်အား ပြန်လည်သိမ်းယူနိုင်ရေး အတွက် ပါကစ္စတန်တပ်ဖွဲ့ဝင်များက ကြိုးပမ်းခဲ့ရာ တာလီဘန်များနှင့် တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရကြောင်း သိရသည်။ ***အင်တာနက်။***

# ဆက်ဒမ်ဟူစိန်အစိုးရအဖွဲ့ဝင် တစ်ဦး၏ ဘဏ်စာရင်းမှ ဒေါ်လာ ၁၁၆ သန်း ပြန်ရ

ဘဂ္ဂဒက် စက်တင်ဘာ ၁၈

**အီရတ်နိုင်ငံသမ္မတဟောင်း ဆက်ဒမ်ဟူစိန်၏ အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦး ပိုင်ဆိုင်သည့် အမေရိကန်ဒေါ်လာ ၁၁၆ သန်းကို ပြင်သစ်နိုင်ငံ ဘဏ်စာရင်းများမှ ပြန်လည်ရရှိကြောင်း အီရတ်အဂတိတိုက်ဖျက်ရေးအဖွဲ့က ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်ဟု အေအက်ဖ်ပီက စနေနေ့တွင် ဖော်ပြသည်။**

ပြန်လည်ရရှိငွေများမှာ ပြင်သစ်နိုင်ငံ၌ မှတ်ပုံတင်ထားပြီး အာရပ်ဘဏ်များ၌ ရှယ်ယာများ ထည့်ဝင်ထားသည့် ယူဘီအေအက်ဖ်ဘဏ်တွင် အပ်နှံထားသော ဒေါ်လာ ၁၀၆ သန်းနှင့် အခြားသော ပြင်သစ်ဘဏ်များ၌ ခွဲဝေအပ်နှံထားသည့် အမေရိကန်ဒေါ်လာ ၁၀ သန်းနှင့်ညီမျှသော နိုင်ငံခြားငွေများ ဖြစ်ကြောင်း အဆိုပါအဖွဲ့က ပြောကြားသည်။

ယင်းအဖွဲ့က ကြာသပတေးနေ့တွင် ထုတ်ပြန်သော ကြေညာချက်၌ ယခင်အစိုးရဟောင်းမှ အဖွဲ့ဝင်တစ်ဦး၏ အမည်ဖြင့် ဘဏ်စာရင်းများကို ဖွင့်ထားခြင်းဖြစ်သည်ဟု ဖော်ပြသော်လည်း ယင်းအဖွဲ့ဝင်၏အမည်ကို တိကျစွာဖော်ပြခြင်း မပြုပေ။

ထိုငွေများကို ဘဂ္ဂဒက်မြို့ရှိ အမေရိကန်သံရုံး၏ အကူအညီဖြင့် ပြန်လည်ရရှိခြင်းဖြစ်သည်ဟု ဆိုသည်။ ***အေအက်ဖ်ပီ။***

*စက်တင်ဘာ ၁၈ ရက် ညပိုင်းတွင် လှုပ်ခတ်ခဲ့သော တောင်အာရှဒေသ ငလျင်ကြောင့် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် လမ်းပေါ်၌ လူအများ စုရုံးနေစဉ်။*

# တောင်အာရှ ဒေသ၌ အင်အားပြင်းငလျင်လှုပ် အိန္ဒိယနှင့် နီပေါနိုင်ငံသား ကိုးဦး သေဆုံး

**နယူးဒေလီ စက်တင်ဘာ ၁၈**

စက်တင်ဘာ ၁၈ ရက် ညနေပိုင်းတွင် အိန္ဒိယနိုင်ငံ မြို့တော်နယူးဒေလီမြို့ အပါအဝင် ယင်းနိုင်ငံ၏ အရှေ့ပိုင်းနှင့် မြောက်ပိုင်းဒေသများ၊ နီပေါနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများ၌ ပြင်းအား ရစ်ချ်တာစကေး ၆ ဒသမ ၉ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့ကြောင်း သိရသည်။

အဆိုပါငလျင်လှုပ်ခတ်မှုကြောင့် အိန္ဒိယနိုင်ငံသား လေးဦးနှင့် နီပေါနိုင်ငံသား ငါးဦးတို့ သေဆုံးခဲ့ရကြောင်း သိရသည်။

ယင်းငလျင်သည် ဒေသစံတော်ချိန် ညနေ ၆ နာရီ ၁၀ မိနစ်ခန့်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ငလျင်၏ ဗဟိုချက်မှာ ဆစ်ကင်းပြည်နယ် မြေအောက်အနက် ၂၀ ဒသမ ၇၀ ကီလိုမီတာတွင် အခြေတည်ခဲ့ကြောင်း အမေရိကန်အစိုးရ ဘူမိတိုင်းတာရေးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၏ အဓိက မြို့ကြီးများဖြစ်သည့် ကိုလ်ကတ္တား၊ လက်ခ်နောင်း၊ ပတ္တနားနှင့် ဂူဝါဟာတီမြို့များတွင် ငလျင်လှုပ်ရှားမှုကို အနည်းငယ်ခံစားခဲ့ရသည်ဟု အင်ဒိုအေးရှားသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ထိုနည်းတူစွာ စက်တင်ဘာ ၁၈ ရက် ညနေပိုင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံမြို့တော် ဒါကာအပါအဝင် နိုင်ငံ၏ဒေသအများစု၌ တစ်မိနစ်နီးပါးခန့်ကြာ အင်အားသေးငယ်သော နောက်ဆက်တွဲငလျင်များ လှုပ်ခတ်ခဲ့သည်ဟု ဆိုသည်။

ဒါကာမြို့သူ၊ မြို့သား အများအပြားသည် ငလျင်လှုပ်ခတ်ပြီးနောက် လမ်းများပေါ်သို့ ပြေးထွက်ရှောင်ပုန်းခဲ့ကြရသည်။ ***ဆင်ဟွာ။***

*စီချွမ်ငလျင်အတွင်း အသက်ရှင်ကျန်ခဲ့သည့် အလွန်အသက်ပြင်းသော မော်ကွန်းဝင် "ဝက်ကြီး" အား တွေ့ရစဉ်။*

# စီချွမ်ငလျင်အတွင်း၌ အသက်ပြင်းစွာ ရှင်ကျန်ခဲ့သည့် မော်ကွန်းဝင်"ဝက်ကြီး"၏ မျိုးဆက်သစ် ဇီဝသိပ္ပံနည်းပညာဖြင့် ဖန်တီးပြီ

**ပေကျင်း စက်တင်ဘာ ၁၈**

တရုတ်နိုင်ငံ စီချွမ်ပြည်နယ်၌ ၂၀၀၈ ခုနှစ်အတွင်းလှုပ်ခတ်ခဲ့သော မြေငလျင်ကပ်ဘေးအတွင်း မော်ကွန်းဝင်အဖြစ် ထင်ရှားခဲ့သည့် ဝက်ကြီး၏ ပုံတူမျိုးပွား ဇီဝအမြွှာများအား တရုတ်သိပ္ပံပညာရှင်များက အောင်မြင်စွာ ဖန်တီးနိုင်ခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

တရုတ်နိုင်ငံသားများက အမျိုးသားမော်ကွန်းဝင် တိရစ္ဆာန်အဖြစ် သတ်မှတ်ထားသော ကျူကျိယန်ချန်း (စိတ်ဓာတ်ခိုင်မာသောဝက်) အမည်ရှိ အဆိုပါ ဝက်သတ္တဝါသည် စီချွမ်ပြည်နယ် ငလျင်ဘေးဒဏ်သင့်ကာလက အဆောက်အအုံ အပျက်အစီးများအောက်၌ တစ်လကျော်မျှ အသက်ရှင်သန်ခဲ့သည့် တိရစ္ဆာန် ဖြစ်သည်။

ထိုဝက်သတ္တဝါကြီး၏ မျိုးရိုးဗီဇနမူနာ (ဒီအန်အေ) ကို ရယူ၍ စီချွမ်ပြည်နယ် ရှန်ကျန့်မြို့တော်မှ တရုတ်သိပ္ပံပညာရှင်များက ပုံတူမျိုးပွားဝက်သတ္တဝါများအား ဖန်တီးခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

ကျူကျိယန်ချန်းအမည်ရှိ ငလျင်ကပ်ဘေးကာလ မော်ကွန်းဝင်ဝက်ကြီး၏ မျိုးရိုးဗီဇ နမူနာများဖြင့် ပုံတူမျိုးပွား ဝက်ခြောက်ကောင်အား တရုတ်သိပ္ပံပညာရှင်များက ဖန်တီးခဲ့ကြသည်။

အလေးချိန် ပေါင် ၃၃၀ ရှိသည့် ဝက်သတ္တဝါကြီး ကျူကျိယန်ချန်းသည် စီချွမ်ငလျင်ကပ်ဘေးကာလ၌ အဆောက်အအုံအပျက်အစီးများအောက် မီးသွေးခဲများနှင့် မိုးရေများကို အစာရေစာအဖြစ် သောက်သုံးစားသောက်ရင်း အသက်ရှင်ကျန်ရစ်သော တိရစ္ဆာန်တစ်ကောင်ဖြစ်သည်။ ***အင်တာနက်။***

# ရေဘေးဒုက္ခသည် ပါကစ္စတန်အမျိုးသမီး တစ်သန်းကျော်တွင် ကိုယ်ဝန်ဆောင်အမျိုးသမီး ၁၁၅၀၀၀ ပါဝင်ဟုဆို

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၁၈**

မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရေလွှမ်းမိုးမှုဒဏ် ခံစားနေရသည့် ပါကစ္စတန်နိုင်ငံ တောင်ပိုင်းဒေသမှ အမျိုးသမီးဦးရေ ၁ ဒသမ ၂ သန်းခန့်တွင် ကိုယ်ဝန်ဆောင် အမျိုးသမီးဦးရေ ၁၁၅၀၀၀ ခန့် ပါဝင်နေသည်ဟု ကုလသမဂ္ဂ အေဂျင်စီတစ်ခုက စက်တင်ဘာ ၁၇ ရက်တွင် ပြောကြားသည်။

ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (ယူအန်အက်ဖ်ပီအေ - ပါကစ္စတန်) မှ သတိပေးချက် ထုတ်ပြန်ရာတွင် အဆိုပါ ကိုယ်ဝန်ဆောင်အမျိုးသမီးအရေအတွက်ထဲမှ အများစုမှာ မွေးဖွားလုဆဲဆဲ အခြေအနေတွင် ရှိနေသည်ဟုဆိုသည်။ အဆက်မပြတ် ရွာသွန်းနေသည့်မိုးနှင့် ကျဆင်းခြင်း မရှိဘဲတန့်ခံနေသည့် ရေလွှမ်းမိုးမှုအခြေအနေကြောင့် ယင်းကိုယ်ဝန်ဆောင်များအနေဖြင့် လဟာပြင်တွင် ကလေးမျက်နှာမြင်ရပါက ငှက်ဖျားနှင့် တုပ်ကွေးရောဂါ ကျရောက်ခံစားရမည့်အခြေအနေမှာ မြင့်မားနေသည်ဟုဆိုသည်။ ***ဆင်ဟွာ။***

# ဂြိုဟ်တုဟောင်းတစ်စင်း စက်တင်ဘာ ၂၃ ရက်တွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ကျဆင်းမည်

**နယူးယောက် စက်တင်ဘာ ၁၈**

အမေရိကန် အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအဖွဲ့(နာဆာ)က လွှတ်တင်ထားသော သက်တမ်းနှစ် ၂၀ ရှိ ကမ္ဘာ့ အထက်လေထုလွှာ လေ့လာရေးဂြိုဟ်တုတစ်စင်း**(အပေါ်ပုံ)**သည် ကမ္ဘာမြေပြင်ပေါ်သို့ ယခုရက်သတ္တပတ်အတွင်း ကျဆင်းမည် ဖြစ်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

သို့ရာတွင် အဆိုပါဂြိုဟ်တုဟောင်းသည် မည်သည့်နေရာသို့ ကျဆင်းမည်ကို မသိရသေးကြောင်း နာဆာအဖွဲ့ တာဝန်ရှိသူများက ပြောကြားသည်။ လုပ်ငန်းခွင်တာဝန်ထမ်းဆောင်မှုမှ ရပ်နားထားခဲ့ပြီဖြစ်သော အထက်လေထုလွှာ လေ့လာရေးဂြိုဟ်တု (ယူအေအာရ်အက်စ်)ကျဆင်းမှုကြောင့် ကမ္ဘာသူကမ္ဘာသားများ ထိခိုက်နိုင်မှု အလားအလာမှာအလွန်နည်းပါးကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

နာဆာအဖွဲ့၏ ယူအေအာရ်အက်စ်ဂြိုဟ်တုသည် စက်တင်ဘာ ၂၃ ရက်တွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ကျဆင်းလာမည်ဖြစ်သည်။ အာကာသလွန်းပြန်ယာဉ် ဒစ္စကာဗာရီက ၁၉၉၁ ခုနှစ်တွင် လွှတ်တင်ခဲ့သော အဆိုပါဂြိုဟ်တုသည် အလေးချိန်အားဖြင့် ပေါင်ချိန် ၁၃၀၀၀ (ကီလိုဂရမ် ၅၉၀၀)ရှိကြောင်း သိရသည်။

ကမ္ဘာ့လေထုလွှာအတွင်းကျဆင်းလာစဉ် ယင်းဂြိုဟ်တုပျက်၏ အပိုင်းအစများ မည်သည့်ဒေသများအတွင်း ကျရောက်မည်ကို မည်သို့မျှ အတိအကျမထောက်ပြနိုင်ကြောင်း နာဆာသိပ္ပံပညာရှင်များက ဆိုသည်။ ***အင်တာနက်။***

*ပါကစ္စတန်နိုင်ငံ ရေဘေးတွင် သားသည်မိခင်တစ်ဦး ဘေးလွတ်ရာသို့ ကူးသန်းသွားလာနေသည်ကို တွေ့ရစဉ်။*

# ပင်ကျပ်နုတ်ခြင်းဖြင့် အောင်မြင်ဖြစ်ထွန်းစေမည့် မြန်မာ့အဖိုးတန်ရတနာများ(၂)

**အပင်များ၏ သဘာဝအတိုင်းကျွန်းပင်များ အလွန်သိပ်သည်း ထူထပ်စွာ ပေါက်နေလျှင် မြေဆီဩဇာနှင့် အလင်းရောင် လုံလောက်စွာမရနိုင်မှုကြောင့် ကြီးထွားမှုနှောင့်နှေးမည်ဖြစ်သည်။ ကျဲပါးစွာပေါက်ပါကလည်း ကိုင်းတက်များစွာ ထွက်၍ သစ်တန်ဖိုးကို ကျဆင်းစေမည်ဖြစ်သည်။**

**သတင်းဆောင်းပါးနှင့်ဓာတ်ပုံ - မောင်မောင်(ကျောက်တန်း)**

ပင်ကျပ်နုတ်ရာတွင် အချိန်မှန်မှန် ပင်ကျပ်နုတ်ပေးရမည်။ စောစောနှင့် များများနုတ်ခြင်းသည် နောက်ကျ၍ နည်းနည်းနုတ်ခြင်းထက်ပို၍ ကောင်းသည်။ ကွက်လပ်ကြီးများဖြစ်၍ ကျန်ခဲ့လျှင် ပင်ကျပ်နုတ်ခြင်း များသည်ဟု ယူဆရမည်။ နောက်ဆုံးထုတ်ယူသည့် အချိန်တွင် ဖြောင့်တန်း၍ အကောင်းဆုံးအပင်များကျန်ရှိအောင် ရည်ရွယ်ဆောင်ရွက်ရမည်ဟူသည့် ပင်ကျပ်နုတ်ရာတွင် သတိပြုရမည့်အချက်များကို ဤခရီးတွင် သိရှိခွင့်ရခဲ့သည်။

ကျွန်းပင်နှင့် ကြားညှပ်သီးနှံများ စိုက်ပျိုးထားသည်ကို တွေ့ရစဉ်။

ကျွန်းပင်သက်တမ်း (၅)နှစ်ပြည့်မှ ပင်ကျပ်နုတ်ရမည် ဖြစ်သော်လည်း စိုက်ခင်းအောင်မြင်ဖြစ်ထွန်းမှုကြောင့် သက်တမ်း(၄)နှစ်မှာပင် ပင်ကျပ်နုတ် လုပ်ငန်းဆောင်ရွက်နိုင်သည့် ဖြိုးစည်သူ ပုဂ္ဂလိက ကျွန်းစိုက်ခင်း အထွေထွေ မန်နေဂျာ ဦးကျော်စိုးကလည်း ကျွန်းစိုက်ပျိုး အောင်မြင်ဖြစ်ထွန်းမှုများကို အားတက်သရော ရှင်းပြသည်။

“ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ ကျွန်းစိုက်ပျိုးခြင်းလုပ်ငန်းကို ၂၀၀၆ ခုနှစ် နိုဝင်ဘာ ၁၂ ရက်မှာ စတင်ခဲ့တာပါ။ ခွင့်ပြုမိန့်ကျ ဧရိယာဧက ၉၇၀၀ အနက် ယခုဧက ၇၂၀၀ကို ပေါက်ခေါင်းမြို့နယ်၊ ကြံခင်းမြို့နယ်နဲ့ ကျောက်တံခါးမြို့နယ်တွေမှာ စိုက်ပျိုးပြီးပါပြီ။ ကျွန်းစိုက်ပျိုးမြေတွေဟာ တောနိမ့်တောပျက်တွေပါ။ သက်ဆိုင်ရာတာဝန်ရှိသူတို့ရဲ့ လမ်းညွှန်ချက်အတိုင်း သစ်တောသစ်ပင်ကို ချစ်ခင်တဲ့စိတ်နဲ့ လိုက်နာဆောင်ရွက်ခဲ့တဲ့အတွက် ကျွန်းစိုက်ပျိုးခြင်းလုပ်ငန်းတွေမှာ အောင်မြင်မှုရခဲ့တာပါ။ FAO က ပေးတဲ့ ပုဂ္ဂလိကစိုက်ခင်း တည်ထောင်ခြင်းထူးချွန်ဆုကိုလည်း နှစ်ကြိမ်ရရှိထားပြီးဖြစ်ပါတယ်” ဟု ရှင်းပြသည်။

ကြံခင်းကျွန်းစိုက်ခင်းက ဒေသတွင်း လမ်း၊ တံတားအဆင့်မြှင့်တင်ထားမှု၊ အသစ်တည်ဆောက်ထားရှိမှုတို့ကို တွေ့ရစဉ်။

ဖြိုးစည်သူကုမ္ပဏီသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းစဉ်တစ်ရပ်ကို ဆောင်ရွက်ရင်း ကျေးလက်နေပြည်သူလူထုကို အလုပ်အကိုင်များ ဖော်ဆောင်ပေးနိုင်သည့်အတွက် ကျေးလက်နေပြည်သူများ၏ ဆင်းရဲမှုကို လျှော့ကျအောင် သစ်တောကဏ္ဍက ဆောင်ရွက်ခွင့်ရသဖြင့် ဂုဏ်ယူဝမ်းမြောက်နေသည့် ကုမ္ပဏီဖြစ်သည်။

လေးနှစ်သား ကျွန်းစိုက်ခင်းတွင် ပင်ကျပ်နုတ်ရာမှ ဒေသသုံး မျောတိုင်၊ အိမ်တိုင်များ ရရှိမည်ဖြစ်သည်။ ပင်ကျပ်တိုင်များကို ဈေးကွက်ဝင်ပစ္စည်းများ ဖြစ်အောင် နည်းပညာရပ်ဖြင့် ဖန်တီးပြုပြင်နေပြီး နိုင်ငံခြားဈေးကွက်ကို တင်ပို့နိုင်ရန် ဆောင်ရွက်နေကြောင်းလည်း သိရသည်။

“ရှေ့လုပ်ငန်းစဉ် အနေနဲ့ကတော့ ကျောက်တံခါး ကျွန်းစိုက်ခင်းတည်ရှိရာ ရဲနွယ်ကြိုးဝိုင်းမှာ ရဲနွယ် ရေလှောင်တမံကြီး ရေရှည်တည်တံ့နိုင်ရေးအတွက် ရဲနွယ်ရေဝေရေလဲ ဧရိယာ ဧက ၁၈၉၀ ကို သဘာဝသစ်တောအဖြစ် ထိန်းသိမ်းဆောင်ရွက်နေပါတယ်။ ပေါက်ခေါင်းစိုက်ခင်းအတွင်းမှာလည်း သဘာဝတောများ ထိန်းသိမ်းစောင့်ရှောက်ရန် ဆောင်ရွက်နေပါတယ်” ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

ဖြိုးစည်သူကုမ္ပဏီအနေဖြင့် ပေါက်ခေါင်း၊ ကြံခင်းနှင့် ကျောက်တံခါးမြို့နယ်များရှိ ဒေသခံများအား အလုပ်အကိုင်များ ဖော်ဆောင်ပေးခြင်း၊ ကျွန်းစိုက်ခင်းအတွင်း ဝါ၊ နှမ်း၊ ပဲ၊ ပြောင်းနှင့် စပါးတို့ကို ကြားညှပ်စိုက်ပျိုးခွင့်ပေးခြင်း၊ လွတ်လပ်စွာ ရောင်းဝယ်ခွင့်ပေးခြင်း၊ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများ၏ လူမှုရေး၊ ကျန်းမာရေးနှင့် ပညာရေးလုပ်ငန်းများတွင် ကူညီထောက်ပံ့ခြင်းများကို မျက်မြင်လေ့လာတွေ့ရှိခဲ့ရသည်။

ဒေသတွင်းရှိ ဆေးရုံများအတွက် ချွဲစုပ်စက်၊ မြွေဆိပ်ဖြေဆေး၊ ငှက်ဖျားဆေးများ လှူဒါန်းပေးထားကြောင်း၊ ကြံခင်း ကျွန်းစိုက်ခင်းက လမ်းပန်းဆက်သွယ်ရေး မကောင်းသဖြင့် လမ်း၊ တံတားများကို အဆင့်မြှင့်တင်ခြင်း၊ အသစ်တည်ဆောက်ခြင်းများကို ပြုလုပ်ပေးခဲ့သဖြင့် ယခုအခါ ဒေသထွက်သီးနှံများကို ဈေးကွက်သို့အရောက် လွယ်ကူစွာ ရောင်းချနိုင်ပြီ ဖြစ်ကြောင်းကိုလည်း ကြံခင်း ကျွန်းစိုက်ခင်းမှ ဒုတိယမန်နေဂျာ ဦးအောင်မင်းက ရှင်းပြခဲ့သည်။

ဖြိုးစည်သူပုဂ္ဂလိက ကျွန်းစိုက်ခင်း အထွေထွေမန်နေဂျာ ဦးကျော်စိုးက ကျွန်းစိုက်ခင်းအတွင်း လုပ်ဆောင်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားစဉ်။

ကျွန်းသစ်တောကြီးများ ယခုကဲ့သို့ အောင်မြင်ဖြစ်ထွန်းနေသည်ကို မြင်တွေ့ရသဖြင့် စိတ်ထဲတွင် အလွန်ကြည်နူးဝမ်းသာရသည်။ နိုင်ငံအတွက် ဘဏ္ဍာငွေများကို တိုးတက်ရှာဖွေပေးနိုင်မည့်အပြင် ဖောက်ပြန်ပြောင်းလဲလာသည့်ရာသီဥတုအခြေအနေများကို ဤသစ်တောများက ပြုပြင်ထိန်းသိမ်းပေးနိုင်မည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝတောရိုင်းတိရစ္ဆာန်များကိုလည်း ထိန်းသိမ်းရာရောက်သဖြင့် ပင်ကျပ်နုတ်ခြင်းဖြင့် ရှင်သန်ကြီးထွားလာမည့် မြန်မာ့အဖိုးတန် ရတနာကျွန်းသစ်များ၊ ကျွန်းတောများအကြောင်း အတွေးကား ကျွန်တော်၏ အပြန်ခရီးကို စိုးမိုးခဲ့ပါသည်။ ။



ပင်ကျပ်နုတ်ခြင်းကြောင့် ရရှိလာသော ကျွန်းပင်ကျပ် တိုင်များကို ဈေးကွက်ဝင် ပစ္စည်းများ ဖြစ်အောင် နည်းပညာရပ်ဖြင့် ဖန်တီး ပြုပြင်ထားစဉ်။

## လမ်းပြင်ရာတွင် ယာဉ်ကြောများ မပိတ်ဆို့စေချင်

**ရန်ကုန် စက်တင်ဘာ ၁၈**

ယခုနှစ်တွင် ရန်ကုန်မြို့၌ မိုးရွာသွန်းမှု ပိုမိုသဖြင့် လမ်းများပေါ်၌ ရေလျှံခြင်း၊ ရေဝပ်ခြင်းများ ဖြစ်ပေါ်ကာ လမ်းပျက်စီးမှု ပိုမိုများပြားခဲ့ရသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း/တံတား) ကလည်း လိုအပ်သည့်ပြုပြင်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ လမ်းများပြုပြင်ရာတွင် နေ့ပိုင်း၌သာ ဆောင်ရွက်ခြင်းများသဖြင့် ယာဉ်ကြောပိတ်မှုများဖြစ်ကာ သွားရေးလာရေးတွင်နှောင့်နှေးကြန့်ကြာမှုများနှင့် တွေ့ကြုံရလျက်ရှိသည်။ ထိုသို့ လမ်းပြုပြင်မှုများနှင့် စပ်လျဉ်း၍ ပြည်သူတစ်ဦးက အရင်ဆယ်စုနှစ်ကျော်ကျော်က ဆိုရင် ပျက်နေသည့် လမ်းများသည် နောက်နေ့မနက်မှာ ကတ္တရာလမ်းသစ်အဖြစ် တွေ့ခဲ့ရကြောင်း၊ ညပိုင်းမှာ လမ်းပြင်သဖြင့် အနှောင့်အယှက်ကင်းကာ လုပ်ငန်းပိုပြီး ထိရောက်ကြောင်း၊ လုပ်ငန်းတွင်ကျယ်ပြီး ယာဉ်ပိတ်ဆို့ကြန့်ကြာမှုများ မရှိခဲ့ကြောင်း၊ မိုးကုန်၍ လမ်းပြန်ပြင်မည်ဆိုလျှင် ညဘက်မှာပြင်ခြင်းက ပိုပြီး ထိရောက်မည်ဟု ထင်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။ (မောင်လှိုင်)

## လမ်းပျက်စီးမှုများကြောင့် ယာဉ်လိုင်းပြေးဆွဲမှုများလျော့ကျ

**ရန်ကုန် စက်တင်ဘာ ၁၈**

ယခုနှစ် မိုးရာသီကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်း လမ်းပျက်စီးမှုများ များပြားခဲ့ခြင်းကြောင့် ခရီးသည်တင်ယာဉ်လိုင်းပြေးဆွဲမှုများ လျော့ကျမှုရှိခဲ့သည်ဟု ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှု ဗဟိုကော်မတီမှ သိရှိရသည်။

ခရီးသည်တင်ယာဉ်များ အသွားအလာများပြားသော ရန်ကုန်မြို့ရှိ လမ်းမကြီးများတွင် လမ်းပျက်စီးမှုများ အများအပြားဖြစ်ပေါ်ခဲ့မှုကြောင့် ယာဉ်လိုင်းပြေးဆွဲမှုတွင် လျော့ကျမှုများရှိခဲ့ခြင်းဖြစ်ပြီး အထူးသဖြင့် အနောက်ပိုင်းခရိုင်သို့ ပြေးဆွဲနေသော ယာဉ်လိုင်းများတွင် ဖြစ်ပေါ်ခဲ့သည်ဟု သိရသည်။

ယခုနှစ်မိုးရာသီ လမ်းပျက်စီးမှုများ အလွန်ဆိုးသည့်အတွက် စာရင်းရှိ ယာဉ်၏ သုံးပုံတစ်ပုံခန့်သာ ဆွဲနိုင်ကြကြောင်း။ ကားများ မြွေလိမ်မြွေကောက် မောင်းနေရသောကြောင့် အန္တရာယ်လည်းများကြောင်း။ အနောက်ပိုင်းခရိုင်ဘက်တွင်သာမက အရှေ့ပိုင်းနှင့် တောင်ပိုင်းသို့ သွားသည့်လမ်းများလည်း အလွန်ပျက်နေကြောင်း ဗဟို မထသမှ သိရှိရသည်။

လမ်းပျက်စီးမှုများကြောင့် ယာဉ်လိုင်းပြေးဆွဲမှု လျော့ကျခြင်းအပြင် မော်တော်ယာဉ် အောက်ပိုင်း ကြံ့ခိုင်မှုပြုပြင်ရေးအပိုင်းတွင်လည်း ယခင်နှစ်ကထက် ပိုမိုပြုလုပ်ခဲ့ရသည်ဟု ယာဉ်ပိုင်ရှင်များနှင့် မော်တော်ယာဉ် ပြုပြင်ရေးအလုပ်ရုံများမှ သိရှိရသည်။ ခရီးသည်တင်ယာဉ်လိုင်းများသာမက အငှားယာဉ်များ၊ ကိုယ်ပိုင်ယာဉ်များကိုလည်း ကားအောက်ပိုင်း ပြုပြင်မှုများ ယခင်နှစ်ကထက် ပိုမိုပြုပြင်ပေးခဲ့ရသည်ဟု သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသော မြို့တွင်း ခရီးသည်တင်ယာဉ်မှာ စုစုပေါင်း ၆၀၀၀ ကျော်ခန့်ရှိပြီး နေ့စဉ်ထွက်ကား ၅၀၀၀ ဝန်းကျင်ခန့်ဖြင့် နေ့စဉ်ခရီးသည် ၃ ဒသမ ၅ သန်းဝန်းကျင်ခန့်ကို သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။ (၀၀၁)

## ပုသိမ်တွင် ဆေးနှင့် ဆေးပစ္စည်းပြပွဲကျင်းပမည်

**ပုသိမ် စက်တင်ဘာ ၁၈**

အဌမအကြိမ်မြောက် ဧရာဝတီတိုင်းဒေသကြီး ဆရာဝန်ညီလာခံနှင့် ဆေးနှင့်ဆေးပစ္စည်းပြပွဲကို နိုဝင်ဘာ ၃ ရက်နှင့် ၄ ရက် တို့တွင် မြန်မာနိုင်ငံဆရာဝန်အသင်း (ပုသိမ်) အဆောက်အအုံ၌ ကျင်းပမည်ဖြစ်ပြီး ဧည့်သည်ပါမောက္ခကြီးများနှင့် အထူးကုဆရာဝန်ကြီးများက ဟောပြောဆွေးနွေးမှုများနှင့် နောက်ဆုံးပေါ် ဆေးနှင့်ဆေးပစ္စည်းပြပွဲများ ပါဝင်မည်ဖြစ်ရာ ဆေးပြခန်းများဖွင့်လှစ်လိုပါလျှင် ဥက္ကဋ္ဌ အရိုးကုဆရာဝန်ကြီး ဒေါက်တာကြည်ဖေ ဖုန်း-၀၄၂-၂၄၂၉၂ နှင့် အတွင်းရေးမှူး ခွဲစိတ်ကုဆရာဝန်ကြီး ဒေါက်တာဦးစောအောင် ဖုန်း-၀၄၂-၂၃၃၉၀၊ ၀၄၂-၂၁၂၉၇ တို့သို့ စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## ပေါင်းစည်းလယ်ယာမြေ အောင်မြင်မှုလေ့လာ

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၁၈**

လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် တယ်ချောင်းကျေးရွာအုပ်စု နတ်မင်းကြီးကျေးရွာတွင် စိုက်ပျိုးထုတ်လုပ်အောင်မြင်နေသော ပေါင်းစည်းလယ်ယာမြေ၏ လုပ်ငန်းခွင် တိုးတက်မှုများကို ကွင်းဆင်းလေ့လာ နည်းစနစ်ရယူပွဲကို စက်တင်ဘာ ၄ ရက် မွန်းတည့် ၁၂ နာရီက နတ်မင်းကြီး ပေါင်းစည်းလယ်ယာမြေ၌ ကျင်းပရာ စိုက်ပျိုးထုတ်လုပ်သူ ဦးထွန်းမြင့် မိသားစုက မိုးစပါးဆင်းသွယ်လတ် လေးဧက၊ တီလားပီးယားငါးမွေးကန် တစ်ကန်၊ ကြက်ဟင်းခါးပင်၊ ဒန့်သလွန်ပင်၊ သဘော်ပင်နှင့် စီးပွားဖြစ် နှင်းဆီပင်စိုက်ခင်းများ၊ နွားနှင့် ဘဲမွေးမြူရေး လုပ်ငန်းများ၊ တောင်သူအကျိုးပြု သဘာဝမြေဩဇာတီမွေးကန် နှစ်ကန်တို့အား ကွင်းဆင်းလေ့လာရေးအဖွဲ့မှ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၃၂ ဦးတို့အား လိုက်လံပြသပြီး စိုက်ပျိုးသီးနှံကဏ္ဍအလိုက် ပြန်လည်ရှင်းလင်း ဖြေကြားကြကြောင်း သိရသည်။ (၃၆၄)

## အင်အားပြင်းမြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် စက်တင်ဘာ ၁၈**

ယနေ့ ည ၇ နာရီ ၁၃ မိနစ် ၅၀ စက္ကန့် အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၆၃၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပ (ဆစ်ကင်ပြည်နယ် အိန္ဒိယနိုင်ငံ) နေရာကိုဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

# ကြိုဆိုပါသည်၊ ကျေနပ်နေသည်

**မောင်မုဒိတာ**

ယခုနှစ် မိုးတွင်းသည် ယခင်နှစ်များနှင့်မတူ။ မိုးပိုမိုများသည်ဟုထင်သည်။ ယခုလည်းကြည့်။ ရန်ကုန်မိုး အစိုးမရဟု ပြောရမလို။ မစွေဘဲရွာသည့် စနေမိုးက မနက်မလင်းခင်ကတည်းက အုံ့ဆိုင်းညို့မှိုင်းကာ ဖွဲဖွဲ ဖွဲဖွဲနှင့် ရွာလို့ကောင်းဆဲ။ ယနေ့ စက်တင်ဘာ ၃ ရက် (စနေနေ့) သောကြာနေ့ကတည်းက ဒီနေ့အတွက် ကြိုတင်ပြင်ဆင်ထားသည်များကို စနေမိုးကြောင့်တော့ အပျက်မခံလို။

ကျွန်တော်က ဝန်ကြီးဌာနတစ်ခုမှ သက်ပြည့်ပင်စင်ယူထားသည့် အငြိမ်းစားတစ်ဦး။ အသက်(၇၀)ပင်ပြည့်တော့မည်။ အငြိမ်းစားယူတော့ အရင်လက်ငုတ်လက်ရင်း မှော်ဘီကခြံကလေးမှာ သစ်ပင်၊ ပန်းပင်လေးတွေ တစ်ပိုင် တစ်နိုင်စိုက်ရင်း အေးချမ်းစွာ နေထိုင်သူ။ သားသမီးများက အလုပ်ကိုယ်စီဖြင့် တခြားမှာ။ ယခုလည်း မြောက်ဥက္ကလာပတွင်ရှိသည့် သမီးနှင့်မြေးဆီ မရောက်တာကြာပြီဖြစ်လို့ ဒီစနေရုံးပိတ်ရက်သွားမည်ဟု အားခဲထားရာမှ မိုးကသဲကြီးမဲကြီးဖြစ်နေသည့်အတွက် စီမံချက်ဖျက်ရတော့ မလိုဖြစ်နေသည်။

သမီးနှင့်မြေးကိုတွေ့မည့် စီမံချက်တော့ အပျက်မခံနိုင်။ မိုးနည်းနည်းစဲသည်နှင့် ကျွန်တော်၏စီးတော်ယာဉ် (သ)အက္ခရာ ဗင်ကားလေးကို ကိုယ်တိုင်မောင်းရင်း ဖြည်းဖြည်းချင်းထွက်ခဲ့သည်။ အသက်ကြီးပြီဆိုတော့ ယခင်ကလို စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့။ သမီးနှင့် မြေးအတွက် မှော်ဘီခြံထွက် သဘော်သီးနှင့် ဘုရားပန်းများ ယူလာခဲ့သည်။

မြောက်ဥက္ကလာပဆေးတက္ကသိုလ်(၂) ရှေ့ရောက်တော့ မိုးကပို၍ သည်းလာသည်။ ပါဝါမျက်မှန်ထူထူအောက်က ကားရေသုတ်တံ၏ မနိုင်မနင်းရှင်းလင်းပေးမှုကို အားပြုကြည့်ရင်း ဘီးလိမ့်ရုံသာမောင်းလာခဲ့ရာမှ နောက်ဆုံး လုံးဝမမြင်တော့သည့်အဆုံး ကားကို လမ်းဘေးချရပ်လိုက်ရသည်။ နည်းနည်းလေး မြင်ကွင်းကြည်လာတော့ ဘေးဘီကို ကြည့်လိုက်မိသည်။ လမ်းဘေးတွင် မြောက်ဥက္ကလာပမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံး ဝရန်တာတွင် လူအများရုတ်ရုတ်ရုတ်ရုတ်၊ ရုံးအတွင်းမှာလည်း လူကအပြည့်၊ ဒီနေ့ စနေရုံးပိတ်ရက်ပါ။ ရုံးပိတ်ရက် မိုးသဲသဲမှာ ဒီရုံးက ဘာတွေလုပ်နေပါလဲဟုတွေးရင်း ကျွန်တော်လည်း ခဏဖြစ်ဖြစ် မိုးခိုမှရမည်ဖြစ်၍ တံခါးဝင်ပေါက်ဝ၌တွေ့သည့် ဝန်ထမ်းငယ်တစ်ဦးထံခွင့်တောင်းပြီး ရုံးဝရန်တာသို့ မိုးခိုရင်းဝင်လိုက်မိသည်။ အရောင်စုံ၊ အသွေးစုံ၊ ဝန်းကျင်ကျေးရွာရပ်ကွက်တွေက ဒေသခံတွေက အများစု၊ လူဦးရေက ရာဂဏန်းမျှရှိနေ၍ ကျွန်တော်က ဘေးရှိလူရွယ်တစ်ဦးအား "ဘာတွေလုပ်နေကြတာလဲ"ဟု စပ်စုကြည့်ရာ လဝကအိမ်ထောင်စုစာရင်း၊ ပုံစံ(၁၀)နှင့် မှတ်ပုံတင်လာလျှောက်ကြကြောင်း၊ နေပြည်တော်ရုံးချုပ်က တာဝန်ရှိသူတွေက ရှင်းပြနေကြောင်း သိရတော့သည်။

ကျွန်တော်လည်း အခြေအနေကိုသိချင်လာ၍ ရုံးအတွင်းသို့ လူအုပ်နှင့်ရောၡ ဝင်လိုက်သည်။ လဝကဝန်ထမ်းများက ပုံစံ(၁၀)နှင့် မှတ်ပုံတင်လာလျှောက်သူများကို အုပ်စုတွေခွဲပြီး ပုံစံဇယားတွေရေးသားဖြည့်စွက် ဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။

ရယ်လို့မောလို့ ပြင်ပရာသီဥတုကိုပင် မေ့နေကြပြီထင်ရဲ့။ မိုးသံနှင့်လူသံတွေက ရောထွေးနေ၍ ဝန်ထမ်းတွေရဲ့ ရှင်းလင်းပြောဆိုမေးမြန်းမှုများကို ပီပီသသမကြားရ။ သို့သော် ပြည်သူများ၏ မျက်နှာမှာ ဝမ်းသာကြည်နူးရိပ်များက အထင်အရှား။ အပြင်မှာ မိုးတွေ တအုန်းအုန်းရွာနေပေမယ့် ရုံးခန်းအတွင်းမှာ လူအုပ်က အပြည့်ဆိုတော့ လူငွေ့နဲ့ အိုက်စပ်စပ်၊ စားပွဲဝိုင်းတစ်ခုမှာထိုင်ပြီး ပုံစံတွေပေးနေတဲ့ ဝန်ထမ်းအမျိုးသမီးငယ်ကို လူတွေကဝိုင်းလို့၊ ချွေးစို့နေတဲ့ ဝန်ထမ်းလေးကို ကိုယ်ချင်းစာလို့ထင်ရဲ့ အမယ်အိုတစ်ယောက်က ဘေးကနေ ယပ်တောင်လေးနဲ့ ခတ်ပေးပြီး သမီး မောနေပြီလားတဲ့။ မြင်ကွင်းက ကြည်နူးစရာပါလား။ ဒီဝန်ထမ်းတွေက ဒီလို နေ့စဉ်ရက်ဆက်နီးပါး ကွင်းဆင်းဆောင်ရွက်ပေးနေတာ နှစ်လလောက် တောင်ရှိပြီဆိုပဲ။

ကျွန်တော်ပို၍ စိတ်ဝင်စားလာသည်။ အနီးရှိ အသက်(၅၀)ခန့်ရှိသူ တစ်ဦးအား စပ်စုကြည့်မိသည်။ သူက ဦးစိန်မောင်တဲ့။ မြောက်ဥက္ကလာပ (ဂ)ရပ်ကွက် (၁)လမ်းတွင်နေထိုင်သူ ဆယ်တန်းရောက်နေပြီဖြစ်သည့် သားအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားလာလျှောက်ကြောင်း၊ စာရွက်စာတမ်း အထောက်အထား စုံစုံလင်လင်ပါလာ၍ မကြာမီ ကတ်ပြားရတော့မည်ဖြစ်ကြောင်း၊ လဝကသို့ ငွေခြောက်ကျပ်သာသွင်းရကြောင်း၊ သူတို့ ရပ်ကွက်ထဲကသူတွေ တော်တော်များများက လုပ်ပြီးပြီဖြစ်ကြောင်း၊ သူက အလုပ်မအားလို့ အခုမှလာရကြောင်း ဝမ်းပန်းတသာဖြင့် ပြောပြသည်။ တစ်ဖန် နောက်ဘက်က မိန်းမရွယ်လေးကို ထပ်ပြီး စပ်စုမိပြန်သည်။ မဘေဘီတဲ့။ မြောက်ဥက္ကလာပ(ဂ)ရပ်ကွက် နီလာ(၃)လမ်းတွင် နေထိုင်ပြီး သမီးဖြစ်သူ မသဥ္ဇာ၏ အသက်(၁၀)နှစ်ပြည့် မှတ်ပုံတင်လာလျှောက်ကြောင်း၊ မနေ့က လာလျှောက်တာ အထောက်အထားပြည့်စုံသည့်အတွက် မကြာမီကတ်ပြားရတော့မည် ဖြစ်ကြောင်း၊ အနီးက အမျိုးသမီးတစ်ဦးကတော့ ခုနက သမီးငယ်အတွက် နိုင်ငံသားကတ် လာလုပ်တာ၊ သမီးကြီးအတွက်ကတော့ ကျောင်းမှာ လာလုပ်ပေးသွားလို့ရပြီ၊ နှစ်ယောက်မှ ကတ်ပြားဖိုး ၁၂ ကျပ်ပဲကုန်တယ်၊ ဝမ်းသာလိုက်တာဟု ပြောပါသည်။ ယခင်က မှတ်ပုံတင်နှင့် သန်းခေါင်စာရင်းပုံစံ(၁၀) ပြုလုပ်ရာတွင် အဆင့်တွေများလွန်းလို့ လချီကြာတတ်ပြီး ဟိုထောက်ခံချက်၊ ဒီထောက်ခံချက်၊ ဟိုအထောက်အထား၊ ဒီအထောက်အထားတွေ ရှာရဖွေရ၊ ခြေကုန်လက်ပန်းကျလို့ ငွေကုန်ကြေးကျလည်း မပြောပါနဲ့တော့။ ယူရတဲ့အထောက်အထားတွေက များတာကိုး၊ အခုအခါ လဝက က မြန်မြန်နှင့် သက်သာစွာ ဖြေလျှော့ဆောင်ရွက်ပေးနေတယ်လို့ ရွာနီးချုပ်စပ်က ပြောနေတာကို ကြားပြီး အခုလို လာရောက်တာဖြစ်ကြောင်း၊ ကြားသည့်အတိုင်း မှန်နေသဖြင့် ဝမ်းသာကြည်နူးဖြစ်ရပါကြောင်းပြောရင်း ရုံးပိတ်ရက်များ မနားဘဲ ဆောင်ရွက်ပေးသည့် ဝန်ထမ်းများကိုလည်း "မောင်မင်းကြီးသားတွေ ကျန်းမာပါစေ"ဟု ဆုတောင်းပေးနေတာတွေ ကျွန်တော်ကြားခဲ့ရသည်။

ကျွန်တော်ကြည့်နေစဉ်မှာပင် "အမေ၊ ဘာလာလုပ်တာလဲ" ဟု မေးသံကြားလိုက်သဖြင့် လှမ်းကြည့်မိတော့ လဝက ဝန်ထမ်းတစ်ဦးက အဘွားအိုတစ်ဦးကို မေးနေတဲ့အသံ။ မြောက်ဥက္ကလာပ အောင်မင်္ဂလာလမ်းက ဒေါ်အုံးမေတဲ့။ အသက် (၇၂)နှစ်။ လွန်ခဲ့သည့် (၇)နှစ်ခန့်ကပင် နိုင်ငံသားစိစစ်ရေးကတ်ပြားဓာတ်ပုံ မှုန်ဝါးပျက်စီးလာလို့ အသစ်ပြန်လုပ်ဖို့ အချိန်မပေးနိုင်၊ ငွေကုန်ကြေးကျများတာတွေကြောင့် ဒီအတိုင်းပဲ ထားခြင်းဖြစ်ကြောင်း၊ အခုမှ လွယ်လွယ်နဲ့ သက်သာအောင် လုပ်ပေးနေတဲ့စနစ်ကြောင့် ပြန်လည်လျှောက်ထားခြင်းဖြစ်ကြောင်း ပြောနေရင်း ဝန်ထမ်းက ကတ်ပြားတွင် လက်ဗွေနှိပ်ခိုင်း၍ စာရင်းရေးသွင်းပြီး "ရော့ အမေ့ကတ်ပြားအသစ်ရပြီ ပလတ်စတစ်သေချာလောင်းပြီး နောက်ထပ်မပျက်စီးအောင် သေချာသိမ်းထားပါနော်" ဟု ပြော၍ ကတ်ပြားပေးအပ်ခဲ့ရာ ကျွန်တော်က စပ်စုမိခဲ့ပြန်ပါပြီ။ အမေအိုက ဓာတ်ပုံတို့၊ စာရွက်စာတမ်း၊ အထောက်အထားတွေ မိတ္တူကူးတာတို့ အပြင်ဆိုင်မှာ လုပ်လာပြီး လဝကကိုတော့ သူတို့သတ်မှတ်တဲ့ ပျောက်/ပျက် ဆိုလား အဲ့ဒီအတွက် ငွေတစ်ဆယ်ကျပ်သာပေးရကြောင်း၊ ကတ်ပြားသစ်ရပြီဖြစ်၍ အရမ်းဝမ်းသာကြောင်း နိုင်ငံသားစိစစ်ရေးကတ်ပြားအသစ်လေးကို ကိုင်ရင်းမျက်ရည်ဝေ့လျက် ပြန်လည်ပြောရှာသည်။ ကျွန်တော်က အံ့သြကြည်နူးစိတ်နဲ့ ငေးကြည့်နေမိသည်။

ကျွန်တော့်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားရှိပါသည်။ ယခင်ကျောင်းသားဘဝက သုံးခေါက်ချိုးမှတ်ပုံတင်လုပ်ခဲ့ပြီး ဝန်ထမ်းဖြစ်ပြီးနောက် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ပြန်လည်လဲပေးသဖြင့် ရရှိခဲ့ခြင်းဖြစ်ပါသည်။ ဘယ်လောက်ကြာလို့ ဘယ်လောက်ကုန်ကျသည်ကို မမှတ်မိတော့။ ဝန်ထမ်းဘဝတွင်လည်း ဌာနက ဝန်ထမ်းကတ်ထုတ်ပေးသဖြင့် မှတ်ပုံတင်ကို သိပ်မထုတ်ဖြစ်၊ သားသမီးများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်တော့ လဝက လုပ်ထုံးလုပ်နည်းအထောက်အထား၊ စာရွက်စာတမ်း၊ ထောက်ခံချက်တွေက အများသား၊ နိုင်ငံသားအရေးဆိုတော့ အမှားအယွင်းမခံနိုင်လို့ ထင်ပါရဲ့။ နိုင်ငံသားအရည်အချင်းပြည့်မီမှု ရှိ၊ မရှိ သိရန်အတွက် မျိုးရိုးစဉ်ဆက် ဇယားကြီး ဖြည့်စွက်ရသည်ကိုတော့ အမှတ်ရနေသည်။ သာမန်ပြည်သူများအတွက် ကြားပွဲစားတွေကလည်း လုပ်စားကြသေးသည်။

ယခုတော့ ဒီလိုမဟုတ်တော့ပြီ၊ တာဝန်ရှိသူရဲ့ ရှင်းပြချက်တွင် မှတ်ပုံတင်လုပ်ရန် လိုသည့် အထောက်အထား၊ ထောက်ခံချက်၊ ဓာတ်ပုံ၊ သွေးစစ်ချက်၊ မူရင်းမိတ္တူများ ပြည့်စုံစွာပါရှိပါစေ။ ပုံစံများဖြည့်ပြီး ကတ်ပြားဖိုးခြောက်ကျပ်သာ ပေးရမည်။ (၁၀)နှစ်ပြည့်မှ (၁၈)နှစ်ပြည့်၍ ကတ်လဲလျှင် သုံးကျပ်သာ ကုန်ကျမည်။ မျိုးရိုးစဉ်ဆက် အထောက်အထား စိစစ်ပြီး အလွန်ဆုံး ၂၈ ရက်အတွင်းကတ်ပြားထုတ်ပေးမည်။ အထောက်အထား လွယ်ကူပြည့်စုံလျှင် နေ့ချင်းပြီးလည်း ရနိုင်သည်။ ပျောက်ဆုံး၊ ပျက်စီး၍ မိတ္တူလျှောက်လျှင်တော့ တစ်ဆယ်ကျပ်ကျမည်။ အိမ်ထောင်စု လူဦးရေစာရင်း(အရပ်အခေါ်) သန်းခေါင်စာရင်းပြုလုပ်ပါက လိုအပ်သည့် စာရွက်များ စုံအောင်ပါလာလျှင် နေ့ချင်းပြီး အခမဲ့ ဆောင်ရွက်ပေးနေသည် ဆိုတာတွေလည်း ကြားနေရသည်။ ရုံးတွင်း၌ အများသိရန် စာစောင်များ၊ ကြော်ငြာဆိုင်းဘုတ်များ၊ ကြေညာချက်များ ကပ်ထားသည်ကိုလည်း တွေ့ရသည်။ ယနေ့ခေတ် လက်ဖက်ရည်တစ်ခွက်သည်ပင်လျှင် ဆိုင်ဖော် နှစ်ရာကျပ်ဖြစ်နေချိန်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားအတွက် ခြောက်ကျပ်ဆိုသည့်ငွေက လူတန်းစား အားလုံးအတွက် မည်သို့မျှ စာဒကတက်စရာလိုတော့မယ်မထင်။

နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ထုတ်ပေးရာမှာ သက်ဆိုင်ရာဌာနက ပိုမိုလွယ်ကူလာအောင် ဥပဒေနှင့်အညီ အချက်အချို့ကို ဖြေလျှော့ပေးသည့် စနစ်သစ်ဖြင့် ဆောင်ရွက်နေမှုများ၊ လဝကဝန်ထမ်းများနှင့် တာဝန်ရှိသူများသည် မြို့ပေါ် ရပ်ကွက်၊ ကျေးရွာများ၊ လမ်းပန်းဆက်သွယ်မှုခက်ခဲသည့် ဒေသများပါမကျန် ကွင်းဆင်းဟောပြော ဆောင်ရွက်နေသည်များကို ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာ၊ ဂျာနယ်တို့တွင် တွေ့မြင်ကြားသိနေရသည်။ သို့သော် မိမိတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းမှာ ရှိပြီးဖြစ်၍ သိပ်စိတ်မဝင်စားမိ။ ဘာသိဘာသာနေမိသည်တော့ အမှန်ပင်။ ယခုတော့ အမှတ်မထင် တွေ့ရသည့် ကိုယ်တွေ့မြင်ကွင်းက မမေ့နိုင်စရာ၊ ကြည်နူးစရာပါလား။

ယခုအခါ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးလည်း ကျင်းပနေချိန် ဖြစ်သည်။ ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားသည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကလည်း ပြည်သူတို့၏ အကျိုးအတွက် လိုအပ်ချက်များကို လွှတ်တော်၌ အသီးသီးဆွေးနွေးတင်ပြလျက်ရှိရာ တာဝန်ရှိသူ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ရှင်းလင်းဖြေကြားနေသည်ကို ရုပ်မြင်သံကြားနှင့် သတင်းစာများတွင် ကြည့်ရှုဖတ်မှတ်ရင်း ဝမ်းမြောက်ဝမ်းသာဖြစ်နေရချိန်ဖြစ်ပါသည်။ မကြာသေးခင်ကပင် အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာနှင့် နိုင်ငံရေးပင်စင်လစာများကို တိုးမြှင့်ခံစားခွင့်ပြုလိုက်သည့်အတွက် ကျွန်တော်အပါအဝင် အငြိမ်းစားဝန်ထမ်းအားလုံးပျော်မဆုံး၊ မော်မဆုံးဖြင့် အစိုးရသစ်၏ မွန်မြတ်သည့် စေတနာကို လေးစားသမှုပြုနေချိန်လည်းဖြစ်ပါသည်။

ကျွန်တော်အငြိမ်းစားမယူမီက ဝန်ထမ်းအဖြစ်နဲ့ ကျွန်တော့်ဌာနအလုပ်ကျွန်တော်လုပ်သည်မှာ ဘာမျှ မထူးဆန်းပါ။ နိုင်ငံ့ဝန်ထမ်းဖြစ်၍ နိုင်ငံတော်ကပေးသည့် အလုပ်တာဝန်ကို ကျေပွန်အောင် လုပ်ဆောင်ခြင်းသာ။ ယခုလည်း နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်း ထုတ်ပေးခြင်းလုပ်ငန်းဆောင်ရွက်မှုသည် လဝကဝန်ထမ်းများက သူ့အလုပ်သူလုပ်ခြင်းသာဖြစ်သည်။ မဆန်းဟု ဆိုရမည်သာ။ သို့သော် အစိုးရအဖွဲ့သစ်၏ ထင်သာမြင်သာဖြစ်မှု၊ ပြည်သူ့ဆန္ဒကို ဖြည့်ဆည်းဆောင်ရွက်ပေးမှု၊ လုပ်ငန်းများ အရှိန်အဟုန်နှင့် ဆောင်ရွက်နေမှု စသည်တို့အား တစုတစည်းတည်း မြင်နေရသဖြင့် မုဒိတာပွားခြင်းသာ ဖြစ်ပါသည်။

ကျွန်တော့်အတွေးစရပ်သွားချိန်တွင် မိုးလည်းစဲစပြုပြီ။ မှတ်ပုံတင်လာလျှောက်ကြသူများကတော့ တဖွဲဖွဲ ဝင်လာဆဲ၊ ချွေးတရွှဲရွှဲနှင့် ဝန်ထမ်းများကလည်း အပြုံးမပျက်ဆောင်ရွက်ပေးလျက်ပင်။ သမီးဆီရောက်ရင် ဒီအကြောင်းတွေပြောပြရဦးမည်။ သမီးတင်မက တခြားသူတွေလည်း မျှဝေခံစားမုဒိတာပွားစေချင်သည်။ မျက်မြင်ကိုယ်တွေ့ဆိုတော့ ပြန်မြင်ယောင်ပြီး ဖြစ်အောင်ရေးကာ တခြားသူတွေသိအောင်လုပ်ရမည်ဟုတွေးရင်း ရုံးအတွင်းက ထွက်၍ ဗင်ကားလေးမောင်းပြီး မဝေးတော့သည့် သမီးအိမ်သို့ ခရီးဆက်ခဲ့သည်။

ထက်ကောင်းကင်တွင် တိမ်မည်းညိုတို့ လွင့်စဉ်နေပါပြီကော။ ကြည်လင်ဝင်းပလာသည့် ရောင်ခြည်နုက ကျွန်တော့်ရင်ထဲထိ စူးဝင်လာခဲ့သည်။ မိုးစက်များနှင့်အတူ လေနုအေးကြောင့် အရာအားလုံးသည် လန်းဆန်းလှပနေသယောင်။ ယနေ့ နိုင်ငံတော်ကြီးသည် အဟောင်းအဟောင်းတွေကို ကျော်ဖြတ်၍ ခေတ်သစ်စနစ်သစ် တစ်ခုဆီသို့ အရှိန်အဟုန်ဖြင့် ဝင်ရောက်နေချိန်တွင် အစိုးရအဖွဲ့သစ်၏ သား၊ သမီး ဝန်ထမ်းတွေကလည်း ပြည်သူကို အသွင်သစ်နဲ့ ဆက်ဆံ ဆောင်ရွက်နေတာကို မျက်ဝါးထင်ထင်တွေ့လိုက်ရလို့ ရောင်နီဦးအတွက် မုဒိတာပွားမိခဲ့ပါသည်။

ကြိုဆိုပါသည်။ ကျေနပ်နေသည်။ အပြုသဘောဖြင့် မုဒိတာပွားနိုင်ကြပါစေဟု တွေးရင်း တွေးရင်း ဖြင့်. . . . .။ ။

## ပဲခူးမြို့တွင်းရပ်ကွက်အချို့ ကြာမြင့်စွာ ရေနစ်မြုပ်

**ပဲခူး စက်တင်ဘာ ၁၈**

ပဲခူးမြို့၌ ယခုနှစ်အတွင်း ထူးကဲစွာ အဆက်မပြတ်မိုးရွာသွန်းမှုကြောင့် ပဲခူးမြစ်စိုးရိမ်ရေမှတ် (၉၆၀) စင်တီမီတာအထိ ဖြစ်ပွားခဲ့ရာ မြို့ပေါ်ရပ်ကွက် ခုနစ်ရပ်ကွက် ရေနစ်မြုပ်၊ ရေကြီး၊ ရေလျှံမှုများ ဩဂုတ် ၇ ရက်မှ စတင်ဖြစ်ပွားခဲ့ပြီး ရက်သတ္တတစ်ပတ်ခန့် ကြာမြင့်ခဲ့သည်။ ထိုရေနစ်မြုပ်သည့် ရပ်ကွက် ခုနစ်ရပ်ကွက်အနက် ကျွန်းသာယာရပ်ကွက်အတွင်းမှ နယ်မြေ(၁၃)၊ (၁၄) သီတာလမ်း၊ နီလာလမ်းများမှာ စက်တင်ဘာ ၁၃ ရက်နေ့အထိ ရေများကျဆင်းခြင်းမရှိသည့်အတွက် ရပ်ကွက်အတွင်းမှ ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ ကူးတို့လှေတို့ဖြင့်သာ သွားလာနေကြရသည်။ ယခုနှစ်၏ ရေကြီး၊ ရေလျှံနေခြင်းမှာ ရပ်ကွက်အတွင်း ရေကြာရှည်စွာ တည်ရှိနေကာ အနည်းဆုံးရေအမြင့် သုံးပေမှ လေးပေခန့်အထိ တည်ရှိနေကြောင်း သိရသည်။

(၅၈၇)

**ပဲခူးမြို့၌ ရေကြီးရေလျှံ၍ ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ လှေဖြင့် သွားလာနေကြစဉ်။**

(၅၈၇)

## နယ်စပ်ကုန်သွယ်မှု လမ်းကြောင်းမှ ဆန်နှင့် နှမ်းများ တင်ပို့ရန် ပြင်ဆင်

**မန္တလေး စက်တင်ဘာ ၁၈**

ယခင်က ပြည်တွင်းစားသုံးမှုဖူလုံစေရေးအတွက် နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းများမှတစ်ဆင့် ဆန်များတင်ပို့ရောင်းချခြင်းကို ပိတ်ပင်ထားခဲ့သည်။ အလားတူ ပြည်တွင်း ဆီဖူလုံစေရေးအတွက် နှမ်းတင်ပို့မှုကိုလည်း ပိတ်ပင်ထားခဲ့သည်။ ယခုနှစ် ဩဂုတ်လကုန်မှစ၍ ဆန်နှင့် နှမ်းများ လွတ်လပ်စွာတင်ပို့ခွင့်ပြုခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ အရည်အသွေးမီ ဆန်နှင့် နှမ်းများမှာ မန္တလေး ဈေးကွက်မှတစ်ဆင့် မူဆယ်ဈေးကွက်သို့ ရောင်းချရန်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ယခင် တရားမဝင်တင်ပို့ရောင်းချခဲ့ကြရာ လမ်းကြေး၊ ဂိတ်ကြေးများ ကုန်ကျပြီး စားသုံးသူများ ဝန်ပိကာ ကုန်ဈေးနှုန်းမြင့်တက်ခဲ့ရသော်လည်း ယခုအခါ လွတ်လပ်စွာ တင်ပို့ခွင့်ပြုခဲ့၍ ကုန်စည်စီးဆင်းမှု လွယ်ကူမြန်ဆန်လာကြောင်း သိရသည်။

(၆၅၃)

## စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၈**

***စစ်တောင်းမြစ်ရေ***သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ တောင်ငူမြို့တွင် ၆၆၁ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၆၁ စင်တီမီတာ (၂ ဒသမ ၁ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၆၀၀ စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

## မိုဘိုင်းလ်စက်ပစ္စည်းများ ဝယ်ယူရေး စာချုပ် လက်မှတ်ရေးထိုး

**ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း G.S.M မိုဘိုင်းလ်တိုးချဲ့တပ်ဆင်ရေးစီမံကိန်း၏ G.S.M မိုဘိုင်းလ်စက်ပစ္စည်းများ ဝယ်ယူရေး စာချုပ်လက်မှတ်ရေးထိုးခြင်း အခမ်းအနားသို့ တက်ရောက်စဉ်။**

(သတင်းစဉ်)

# ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လွှတ်တော်နိုင်ငံရေးဦးဆောင်အဖွဲ့ဥက္ကဋ္ဌထံ သံအမတ်ကြီးဦးတင်ဦးက ၎င်း၏ခန့်အပ်လွှာကိုပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၉**

ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ဦးသည် ၎င်း၏ခန့်အပ်လွှာကို စက်တင်ဘာ ၇ ရက်တွင် ပြုံယမ်းမြို့၌ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လွှတ်တော်နိုင်ငံရေးဦးဆောင်အဖွဲ့ဥက္ကဋ္ဌ မစ္စတာကင်ယုံနန်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

# နိုင်ငံတစ်ဝန်း အော်တိုတယ်လီဖုန်းပေါင်း ၅၉၀၀၀၀ ခန့် တပ်ဆင်ထား တယ်လီဖုန်းလိုင်းများ ပြတ်တောက်မှုမရှိစေရေး အလေးထားဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၁၈**

ပြည်သူလူထုအနေဖြင့် မိုဘိုင်းလ်တယ်လီဖုန်းများကို ဈေးနှုန်းသက်သာစွာဖြင့် ပြောဆိုဆက်သွယ်နိုင်ရေး၊ လူငယ်များအား အလုပ်အကိုင်နှင့်အခွင့်အလမ်းကောင်းများ ဖန်တီးပေးနိုင်ရေးတို့အတွက် ပုဂ္ဂလိကပိုင်းမှ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်စေပြီး G.S.M မိုဘိုင်းလ်တယ်လီဖုန်း တိုးချဲ့တပ်ဆင်ရေးစီမံကိန်းအား သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြီးစီးအောင် မိမိတို့ဝန်ကြီးဌာနက ဆောင်ရွက်နေကြောင်း၊ ဆက်လက်ဆောင်ရွက်မည့် အပိုင်းများသည် လက်တွေ့ဆောင်ရွက်ကြရမည့် အပိုင်းများဖြစ်သည့်အတွက် တွေ့ကြုံနိုင်သည့် ကန့်သတ်ချက်များ၊ အခက်အခဲများကို ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိကကဏ္ဍမှ လုပ်ငန်းရှင်များအတူ လက်တွဲ၍ ကျော်လွှားသွားကြရန် လိုအပ်ကြောင်းဖြင့် စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဟံသာဝတီရှိ အပြည်ပြည်ဆိုင်ရာအမြန်စာပို့လုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပသည့် G.S.M မိုဘိုင်းလ်တိုးချဲ့တပ်ဆင်ရေးစီမံကိန်း၏ G.S.M မိုဘိုင်းလ်စက်ပစ္စည်းများ ဝယ်ယူရေးစာချုပ် လက်မှတ်ရေးထိုးခြင်းအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက ဆွေးနွေးမှာကြားသည်။

ထို့နောက် G.S.M မိုဘိုင်းလ်စက်ပစ္စည်းများ ဝယ်ယူရေးစာချုပ်များကို Z.T.E Corporation Co.,Ltd.၊ Huawei Technologies Co., Ltd. နှင့် ပြည်တွင်းကုမ္ပဏီများမှ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများက အသီးသီးလက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဟံသာဝတီဆက်သွယ်ရေးစခန်းအတွင်း အမြန်စာပို့လုပ်ငန်းအနီးရှိ ရတနာပုံ One Stop Information Call Centre အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုတို့ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး Call Centre သည် နိုင်ငံတော်၏ ကဏ္ဍပေါင်းစုံအတွက် လိုအပ်သည့် သတင်းအချက်အလက်များကို တစ်နေရာတည်းမှရရှိအောင် ဆောင်ရွက်ပေးခြင်းနှင့် နိုင်ငံတကာသတင်းအချက်အလက်များဖလှယ်၍ အကျိုးရှိစွာအသုံးချသည့်လုပ်ငန်းဖြစ်သဖြင့် သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အချိန်မီဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ရေးနှင့် ပြည်သူတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် ဆက်သွယ်ရေးစသည်တို့၏ နေ့စဉ်နှင့်အမျှ တိုးတက်ပြောင်းလဲမှုအခြေအနေများကို မေးမြန်းစုံစမ်းနိုင်ရန်အတွက် ဝန်ဆောင်မှုပေးနိုင်သည့် နိုင်ငံတကာအဆင့်မီ Call Centre ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ငွေစာရင်းဌာနရုံး၌ ငွေကြေးထိန်းသိမ်းထားရှိမှုများကိုလည်းကောင်း၊ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းကြေးနန်းရုံးရှိ အဝေးဆက်သွယ်ရေးဌာန စက်ခန်းများနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုတယ်လီဖုန်းရုံးစက်ခန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတစ်ဝန်း အော်တိုတယ်လီဖုန်းပေါင်း ၅၉၀၀၀၀ ခန့် တပ်ဆင်ထားရှိပြီးဖြစ်သည့်အတွက် တယ်လီဖုန်းလိုင်းများ ပြတ်တောက်မှုမရှိစေရေးနှင့် ချွတ်ယွင်းပြတ်တောက်မှုများရှိပါက အချိန်ကြန့်ကြာမှုမရှိစေရေးတို့ကို အလေးထားဆောင်ရွက်သွားရန်၊ လိုင်းတယ်လီဖုန်း သုံးစွဲသူပြည်သူများ အဆင်ပြေစွာဆက်သွယ်ပြောဆိုနိုင်ရေး ဆောင်ရွက်ပေးကြရန်နှင့် စက်ပစ္စည်းများအား စနစ်တကျကိုင်တွယ်ထိန်းသိမ်းပြီး ရေရှည်အကျိုးရှိစွာ အသုံးပြုနိုင်ရေး ဆောင်ရွက်သွားရန်တို့ကို မှာကြားခဲ့သည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၉-၉-၂၀၁၁ (တနင်္လာနေ့)**
**[၁၃၇၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက် (အဖိတ်နေ့)]**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၁၅ | ၂။ | မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်) |
| ၇း၂၅ | ၃။ | ကျန်းမာဖို့အတူကစားစို့ |
| ၇း၃၀ | ၄။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၅။ | "တန်ခိုးတော်အနန္တ ပြည့်ဝမွှမ်းထုံရွှေစည်းခုံ |
| ၇း၅၀ | ၆။ | သံသာချိုအေးမင်္ဂလာတေး |
| ၈း၀၀ | ၇။ | သက်ရှည်ကျန်းမာလေ့ကျင့်ပါ |
| ၈း၁၀ | ၈။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ |
| ၈း၂၀ | ၉။ | ချစ်စရာ့အရွယ်ကကြိုးသွယ် |
| ၈း၃၀ | ၁၀။ | ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေး) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသမီး) |
| ၈း၄၀ | ၁၁။ | International News |
| ၈း၄၅ | ၁၂။ | တေးဂီတအစီအစဉ် |
| ၉း၀၀ | ၁၃။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၃း၁၅ | ၁။ | AFF U-19 CHAMPIONSHIP 2011 ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (SEMI FINAL) (Myanmar Vs Thailand) |
| ၅း၁၅ | ၂။ | မြန်မာတေးသံရှင်ရွေးချယ်ပွဲ |
| ၆း၀၀ | ၃။ | ညနေခင်းသတင်း |
| ၆း၁၅ | ၄။ | မိုးလေဝသအခြေအနေ |
| ၆း၂၀ | ၅။ | ဆိုကြမယ်၊ ပျော်ကြမယ် |
| ၇း၀၀ | ၆။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ကြမ္မာ" (ဒုတိယပိုင်း) (အပိုင်း-၁)** |
| ၈း၀၀ | ၇။ | ပြည်တွင်းသတင်း |
| | ၈။ | နိုင်ငံတကာသတင်းများ |
| | ၉။ | မိုးလေဝသအခြေအနေ |
| | ၁၀။ | (၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (မဟာဂီတအဆိုပြိုင်ပွဲဘာသာရပ်ဆိုင်ရာ) အကဲဖြတ်ဒိုင်အဖွဲ့၏ အထောက်အကူပြုဆွေးနွေးခန်း |
| | ၁၁။ | ကမ္ဘာကျော်သရုပ်ဆောင်များ |
| | ၁၂။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ပန်းသုံးပွင့်ရဲ့ ဒိုင်ယာရီ" (အပိုင်း-၁၁)** |
| | ၁၃။ | **အိန္ဒိယရုပ်ရှင် "မဟူရာခွင်းမယ့်ငွေကြယ်" (အပိုင်း-၁)** |
| | ၁၄။ | အစီအစဉ်ပြီး၏။ |

## မြို့နယ်အတွင်း စည်ကားသိုက်မြိုက်စွာ လှည့်လည် အုပ်ကလေးအသင်း အရုဏ်ဆွမ်းတော်ကပ်

**မန္တလေး စက်တင်ဘာ ၁၈**

အုပ်ကလေးအသင်းဟု လူသိများသော ရတနာပုံ ဗုဒ္ဓဘောဇနိယဉသာဟ အသင်းကြီးမှ ဝါတွင်းကာလဥပုသ်နေ့များတွင် မန္တလေးမြို့ရှိ ဘုရားများသို့ သွားရောက်ကာ အရုဏ်ဆွမ်းကပ်လှူခြင်းများ ပြုလုပ်လျက်ရှိရာ တော်သလင်းလပြည့်နေ့က မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရားသို့ နှစ်စဉ်မပျက် ဗုဒ္ဓဘာသာဝင်ပြည်သူများ သွားရောက်ကြကာ ဆွမ်းဘောဇဉ် ချိုချဉ်ခဲဖွယ်များ၊ ဆန်းကြယ်သော ပန်းနံ့သာ ဆီမီး၊ တံခွန်၊ ကုက္ကားတို့ဖြင့် အရုဏ်တော် ပူဇော်ဆက်ကပ်ခြင်းကို (၈၉)ကြိမ်မြောက်အဖြစ် ပြုလုပ်သည်။ ထိုပွဲကို တော်သလင်းလဆန်း ၁၄ ရက် မွန်းလွဲပိုင်းမှ စတင်လှည့်လည်ခြင်းဖြစ်ပြီး လပြည့်နေ့အရုဏ်တက်ချိန်တွင် ဆွမ်းကပ်လှူခြင်း၊ ဘုရားဝတ်တက်ခြင်းများ ပြုလုပ်ကြသည်။

ရတနာပုံဗုဒ္ဓဘောဇနိယ ဉသာဟ အသင်းကြီးမှ အသင်းသားများသည် တူညီဝတ်စုံအင်္ကျီအဖြူ ပုဆိုးအဖြူများကို ဝတ်ဆင်ကာ အသင်းအမှတ်တံဆိပ်များ တပ်ဆင်ထားပြီး ဆွမ်းတော်အုပ်ကိုယ်စီဖြင့် ကြည်ညိုဖွယ်ဖြစ်အောင် ပြင်ဆင်ပြီး လှည့်လည်ကြသည်။ ဆွမ်းတော်အုပ်များကို ရှေးမူမပျက် ကြည်ညိုဖွယ်ရာ လှပတင့်တယ်စွာ မွမ်းမံခြယ်သပြီး ဧည့်ခံရာဌာနများဖြစ်သော ဈေးချိုတော် ကိုင်းတန်းဈေးအနောက်ဘက် ဒေါ်ခင်းရိုးရပ်ပွဲစားကြီး ဦးသန့်-ပွဲကတော် ဒေါ်ဒေါ်ကြင်၊ သား နာယကကြီး ဦးလှမောင်၊ သမီး ဒေါ်သိန်းငွေ(နာယကကြီး) တိုက်သို့ အဖိတ်နေ့ နံနက် ၁၀ နာရီတွင် သွားရောက်ပြီး ဧည့်ခံကာဌာနမှ စတင်လှည့်လည်ကြသည်။ လှည့်လည်ရာ လမ်းကြောင်းတစ်လျှောက်တွင် ရပ်ကွက်နေပြည်သူများက အအေး၊ မုန့်များဖြင့် ဧည့်ခံကြရာ အရုဏ်တော် လှည့်လည်သည့် ခရီးစဉ်တစ်လျှောက် စည်ကားသိုက်မြိုက်စွာလှည့်လည်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** (၀၁၂)

### ရန်ကုန်တက္ကသိုလ် သတ္တဗေဒ ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၈**

ရန်ကုန်တက္ကသိုလ် သတ္တဗေဒကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် သက်ကြီးအာစရိယပူဇော်ပွဲကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ တက္ကသိုလ်များ ဓမ္မာရုံ (ရန်ကုန်တက္ကသိုလ် နယ်မြေ) ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။

ကန်တော့ခံသက်ကြီး ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အာစရိယပူဇော်ပွဲ ကျင်းပရေး ကော်မတီနာယက ဆရာဦးကျော်ဘုန်းလင်း ဖုန်း-၀၁-၂၀၃၃၀၃၊ ဆရာမ ဒေါ်ညွန့်ညွန့်ရည် ဖုန်း-၀၉-၈၅၃၇၂၆၉၊ ဆရာမ ဒေါ်တင်စိုး ဖုန်း-၀၁-၃၈၅၄၅၈၊ ဦးမောင်မောင်ဦး (ဟိန်းလတ်) ဖုန်း-၀၉-၅၅၀၁၇၂၄၊ ဦးကျော် ဖုန်း-၀၁-၅၇၇၉၄၉၊ ဦးသိန်းထွန်း ဖုန်း-၀၉-၄၃၀၈၄၄၂၉၊ ဒေါက်တာငွေငွေရင် ဖုန်း-၀၉-၇၃၀၅၇၄၈၃၊ ဦးမြင့်လွင်ခိုင် ဖုန်း-၀၉-၅၀၄၆၈၉၉၊ ဦးစောဝင်း ဖုန်း-၀၁-၅၁၀၆၃၄၊ ဦးခင်မောင်ဝင်း ဖုန်း-၀၉-၈၆၀၂၄၇၂၊ ဦးမောရစ် ဖုန်း-၀၁-၂၁၆၇၇၆၊ ဦးဝင်းအောင်နီ ဖုန်း-၀၉-၈၅၃၀၃၄၅၊ ဒေါ်ကေသီခိုင် ဖုန်း-၀၁-၂၉၄၃၆၄၊ ဦးဝင်းရှိန်-ဒေါ်စိုး ဖုန်း-၀၁-၅၁၁၁၀၇၊ ဒေါက်တာ ဒေါ်ပြုံးအေး ဖုန်း-၀၉-၅၀၀၁၀၂၉နှင့် ဦးချစ်မိုက် ဖုန်း-၀၉-၅၁၈၀၅၅၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ကျင်းပရေးကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကို စက်တင်ဘာ ၂၅ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရွှေမန်းကျောင်း၌ ကျင်းပမည်ဖြစ်သည်။ (ကြေးမုံ)

**ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် သီတာလမ်းနေ ဒေါ်တင်သိန်းနှင့် တူ၊ တူမများက တောင်ကုတ်မြို့နယ်အသင်း (ရန်ကုန်)၏ အသင်းတိုက် ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းစဉ်။**

(ကြေးမုံ)

## နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

# လန်ဒန်ကိုရီးယားရုပ်ရှင်ပွဲတော် Arrow ဇာတ်ကားဖြင့် ဖွင့်မည်

နိုဝင်ဘာလတွင် ကျင်းပမည့် လန်ဒန်ကိုရီးယားရုပ်ရှင်ပွဲတော်ကို ကိုရီးယားအက်ရှင်ဇာတ်ကား Arrow The Ultimate Weapon **(ယာပုံ)**ဖြင့် ဖွင့်ပွဲကျင်းပသွားမည်ဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ပြိုင်ပွဲကျင်းပရေးတာဝန်ရှိသူများ၏ တရားဝင်ဝက်ဘ်ဆိုက်တွင် သောကြာနေ့က ဖော်ပြထားရာ၌ နိုဝင်ဘာ ၃ ရက်တွင် စတင်ကျင်းပမည့် (၆)ကြိမ်မြောက် လန်ဒန်ကိုရီးယားရုပ်ရှင်ပွဲတော်တွင် ကိုရီးယားမင်းသားပါ့ခ်ဟီအစ်လ်နှင့် မင်းသမီး မွန်းချေးဝန်တို့ ခေါင်းဆောင်ပါဝင်လှုပ်ရှားထားသည့် Arrow The Ultimate Weapon ဇာတ်ကားဖြင့် ဖွင့်လှစ်မည်ဖြစ်ပြီး ၁၅ ရက်ကြာကျင်းပပြီးနောက် ပိတ်ပွဲအခမ်းအနားကို ဒါရိုက်တာ ကင်ကီဒက်၏ Arirang ဇာတ်ကားပြသသွားရန် ရွေးချယ်ထားသည်။

Arrow ဇာတ်ကားသည် ချိုဆွန်မင်းဆက်ကို တရုတ်ချင်မင်းဆက်က သိမ်းပိုက်ပုံကို ဇာတ်အိမ်ဖွဲ့ထားပြီး နာမီ(ပါ့ခ်ဟီအစ်လ်)က သူ့ရွာတိုက်ခိုက်ခံရပြီးနောက် ပျောက်ဆုံးသွားသော သူ့ညီမ ဂျေအင်း (မွန်းချေးဝန်)ကို ရှာပုံတော်ဖွင့်သည့်အကြောင်း ရိုက်ကူးတင်ပြထားသည်။

ဒါရိုက်တာ ကင်ကီဒက်၏ Arirang ဇာတ်ကားသည် မေလက ကျင်းပခဲ့သော (၆၄)ကြိမ်မြောက် ပြင်သစ် ကန်းရုပ်ရှင်ပွဲတော်တွင် အကောင်းဆုံးဇာတ်ကားဆုတစ်ဆုရရှိထားသည့်ဇာတ်ကားဖြစ်သည်။

လန်ဒန်ကိုရီးယားရုပ်ရှင်ပွဲတော်သည် တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားမှ လျှို့ဝှက်သည်းဖိုထိတ်လန့်စရာ ဇာတ်ကားများကို အဓိကထားပြသသွားမည့် ပွဲတော်ဖြစ်သည်။

အင်တာနက်။

**အေဝမ်းစိုး**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစု ရွှေ့ပြေးစံပြစက်မှုလယ်ယာ ဧက ၅၀၀ စိုက်ကွင်း၌ မကွေးတိုင်းဒေသကြီးမှ ကြံစိုက်တောင်သူများအား ရှင်းလင်းပြသစဉ်။ (သတင်းစဉ်)

# ကြံသီးနှံအထွက်ကောင်းစေရေး မျိုးကောင်းမျိုးသန့် ပြောင်းလဲသုံးစွဲ သိပ္ပံနည်းကျစိုက်နည်းစနစ်များဖြင့် ကြံစိုက်တောင်သူများ၏ဝင်ငွေ သုံးဆတိုးလာမည်

**နေပြည်တော် စက်တင်ဘာ ၁၈**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစု ရွှေ့ပြေးစံပြ စက်မှုလယ်ယာ ဧက ၅၀၀ စိုက်ကွင်း၌ မကွေးတိုင်းဒေသကြီး ကြံသီးနှံလုပ်ငန်းမန်နေဂျာ ဦးခင်မောင်ဝင်း ဦးဆောင်သော မကွေး၊ တောင်တွင်းကြီးနှင့် အောင်လံမြို့နယ်တို့မှ ကြံစိုက်တောင်သူ ၆၀၊ ဒုရင်ဘို သကြားစက်ရုံနှင့် ကံလှ သကြားစက်ရုံတို့မှ စိုက်ကွင်းတာဝန်ခံ ငါးဦး စုစုပေါင်း ၆၅ ဦးတို့အား တစ်ဧကပျမ်းမျှတန် ၅၀ အထက် ထွက်ရှိမည့် တောင်သူပညာပေး အထူးအထွက်တိုး ကြံစိုက်ခင်းသစ်လေးဧက၌ တွေ့ဆုံ၍ ကြံစိုက်တောင်သူများ တွက်ခြေကိုက်ပြီး ဝင်ငွေတိုးတက်ရရှိမှသာ စိုက်လိုအားတိုးတက်ကာ သကြားစက်ရုံများ ကုန်ကြမ်းအပြည့်အဝ ရရှိမည်ဖြစ်ကြောင်း၊ သကြားစက်ရုံများ ကုန်ကြမ်း လုံလုံလောက်လောက် ရရှိမှသာလျှင် သကြားထုတ်လုပ်မှုကဏ္ဍ တိုးတက်လာမည်ဖြစ်ကြောင်း၊ လက်ရှိစိုက်ပျိုးနေသော ကြံများ မျိုးမကောင်း၍ အထွက်နှုန်းညံ့ဖျင်းခြင်း၊ ဈေးနှုန်း တွက်ခြေမကိုက်ခြင်းတို့ကြောင့် ကြံစိုက်တောင်သူများ ဝင်ငွေနည်းပါးရခြင်းဖြစ်ကြောင်း၊ တောင်သူများ အထွက်နှုန်းတိုးတက်အောင် လုပ်ဆောင်ကြရန်လိုအပ်ပြီး နိုင်ငံတော်ကလည်း ကြံတစ်တန်၏တန်ဖိုး ကြမ်းခင်းဈေးကို တစ်တန်လျှင်ငွေကျပ် ၃၀၀၀၀ သတ်မှတ်လိုက်သဖြင့် ယခင်တစ်တန် ငွေကျပ် ၁၅၀၀၀ မှ ဝင်ငွေ နှစ်ဆတိုးလာသည့် သဘောဖြစ်ကြောင်း၊ ကြံသီးနှံအထွက်ကောင်းစေရေးအတွက် အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့်များ ပြောင်းလဲသုံးစွဲကြရန်၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်များကို ဂရုတစိုက် လိုက်နာကျင့်သုံးကြရန်၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး သွင်းအားစုများ နည်းစနစ်မှန်ကန်စွာ ထည့်သွင်းသုံးစွဲရန်၊ ထုတ်လုပ်မှုစရိတ် လျော့ကျရေးအတွက် အလေအလွင့်နည်းစေရန်နှင့် ကုန်ကျစရိတ် သက်သာစေရေး ဆောင်ရွက်ရန်၊ ခိုင်မာသော ဈေးကွက်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် လေ့လာရေးတောင်သူများသည် တစ်ဧကပျမ်းမျှ တန် ၆၀ အထက်ထွက်ရှိမည့် တောင်သူပညာပေး မျိုးသန့်မျိုးပွား စိုက်ခင်း ၁၀ ဧကသို့ ရောက်ရှိပြီး ကြံသီးနှံအထွက်တိုးရေးအတွက် မြေပြုပြင်ခြင်း၊ စိုက်မြောင်းတူးခြင်း၊ မျိုးကြံများ ခုတ်ပိုင်းခြင်း၊ ဆေးရည်စိမ်ခြင်း၊ မျိုးပိုင်းထည့်သွင်းစိုက်ပျိုးခြင်း၊ ပေါင်းတင်ခြင်း၊ အပင်ပြုစုခြင်းစသော သိပ္ပံနည်းကျစိုက်နည်းစနစ် အဆင့်ဆင့်ကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် လေ့လာရေးတောင်သူများသည် ဇေယျာသီရိမြို့နယ် သပြေပင်ကျေးရွာအနီး တစ်ဧက ပျမ်းမျှ တန် ၆၀ အထက်ထွက်ရှိမည့် တောင်သူပညာပေး ကြံ ၂၅ ဧက စိုက်ခင်း၌ သိပ္ပံနည်းကျ စိုက်နည်းစနစ်များနှင့် အညီ ပြုစုဆောင်ရွက်ထားမှု၊ ပျဉ်းမနားမြို့နယ် ကျီအင်းကျေးရွာအနီး တစ်ဧက ပျမ်းမျှ တန် ၆၀ အထက် ထွက်ရှိမည့် တောင်သူပညာပေး အထူးအထွက်တိုး ကြံ ၁၀ ဧက စိုက်ခင်း၌ တစ်သျှူးမျိုးပွားနည်းဖြင့် စိုက်ပျိုးထားသော သကြားဓာတ် ၂၀ မှ ၂၄ ရာခိုင်နှုန်း ပါဝင်သော ကြံမျိုးသစ်များ စမ်းသပ်စိုက်ပျိုးထားမှုတို့ကို ကြည့်ရှုလေ့လာကြသည်။

မကွေးတိုင်းဒေသကြီး၌ ကြံစိုက်ဧရိယာ ၁၃၇၈၃ ဧက ရှိရာ ကြံတစ်တန်လျှင် မူလက ငွေကျပ် ၁၅၀၀၀ မှ ကြမ်းခင်းဈေး ကျပ် ၃၀၀၀၀ တိုးမြှင့်ပေးထားခြင်း၊ ယခင်က ကြံ တစ်ဧကလျှင် တန် ၂၀ နှုန်း ထွက်ရှိသော ကြံမျိုးအစား တစ်ဧကလျှင် ပျမ်းမျှတန် ၅၀ အထက် ထွက်ရှိသော ကြံမျိုးသစ်များဖြင့် အစားထိုးစိုက်ပျိုးခြင်း၊ စိုက်နည်းစနစ်ဟောင်းများအစား သိပ္ပံနည်းကျ စိုက်နည်းစနစ်များဖြင့် ပြောင်းလဲစိုက်ပျိုးကြမည်ဖြစ်၍ ကြံစိုက်တောင်သူများ၏ ဝင်ငွေသုံးဆတိုးတက်လာမည်ဖြစ်သဖြင့် တောင်သူများ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြကြောင်း သိရသည်။

(သတင်းစဉ်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၉-၉-၂၀၁၁ (တနင်္လာနေ့)**

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "တရားဦးဓမ္မစကြာ"တရားတော် (အပိုင်း-၇) (ဆရာတော်အရှင်ပညာသီဟာဘိဝံသ)
- ၆း၅၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၃၁)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၇၃)**
- ၈း၅၀ မိုးညှင်းတောရမှ နှစ်တစ်ရာပြည့် အခမ်းအနား
- ၉း၁၀ "မင်္ဂလာပါမိသားစု"၏ မင်္ဂလာရှိတဲ့ သက်ကြီးပူဇော်ပွဲ
- ၉း၁၅ တော်ဝင်မိသားစု၏ စတုဒိသာအလှူ
- ၉း၂၅ MRTV-4 ကျန်းမာရေးကဏ္ဍ (အရေပြားကျန်းမာရေး)
- ၁၀း၁၀ Activities In The City
- ၁၀း၂၅ The Champion of Dance
- ၁၁း၀၀ Celebriy Choice
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၀၀ A Journey to the Korea (Part-6)
- ၁၂း၃၀ မြတ်နိုးဖွယ်ရာ မြန်မာကဗျာ
- ၁း၀၀ "တရားဦးဓမ္မစကြာ"တရားတော် (အပိုင်း-၇) (ဆရာတော်အရှင်ပညာသီဟာဘိဝံသ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ ရန်ကုန်မြင်ကွင်းကျယ်
- ၂း၃၅ အာလိန်ငါးဆင့်မှ လှူဒါန်းမှုတို့ ဝေဝေဆာ ဒါနရန့်တို့ သင်းကာလှိုင်
- ၃း၀၀ Activities In The City
- ၃း၀၅ "ဝ"တာ တကယ်လှလို့လား ကျန်းမာရေးစကားဝိုင်း(အပိုင်း-၂)
- ၃း၂၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၃၁)**
- ၄း၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၇၃)**
- ၅း၁၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅း၄၀ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၏ (၁၅)ကြိမ်မြောက် လက်ရာမွန်ပြပွဲ
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Sunday Talk [မောင်လူမွှေး(မြန်မာမှု)၊ မျိုးမြတ်သူ]
- ၆း၅၅ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၃၂)**
- ၇း၄၀ ဗီဒီယိုပြခန်း
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စကားနပန်း
- ၉း၃၀ **MRTV-4ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၇၄)**
- ၁၀း၂၀ အနုပညာမိုးကောင်းကင်
- ၁၀း၄၅ ဘဝအမောပြေ ပျော်ရွှင်ဖို့ သီချင်းလေးတွေဆိုကြစို့
- ၁၁း၀၀ International Show Biz
- ၁၁း၁၅ ထန်းသမားတို့ဘဝ
- ၁၁း၃၀ ဈေးဝယ်လမ်းညွှန်
- ၁၁း၅၀ စီမံအရည်အသွေးဖြင့် စစ်မှန်ထူးခြားသော
- ၁၂း၀၅ Shooting Location
- ၁၂း၂၀ အန္တရာယ်ကင်းသောမိခင်ဘဝ (ဒေါက်တာသိန်းသိန်းဌေး)
- ၁၂း၃၅ အများမြင်စရာ နှစ်ပါးသဘင်မဟာ
- ၁း၁၀ ပြင်ဦးလွင်မှ ပြင်ဦးလွင်စတား ဆွယ်တာလုပ်ငန်း
- ၁း၃၀ Celebrity Profile
- ၂း၁၀ စွဲမက်ဖွယ်ရာရတနာ
- ၂း၄၀ တောင်ပေါ်ကမ္ဘာပေါ်မှ အပန်းဖြေနားခိုရာများ
- ၂း၅၀ ကဏ္ဍစုံလင်အားကစား အစီအစဉ်
- ၄း၀၀ ဈေးနှုန်းချိုသာ မြန်မာ့ကြွေအမိုးပြား
- ၄း၁၀ စက္ကူရွက်ဝေ ရှမ်းထီးသက်သေ
- ၄း၂၀ ခံစားချက်တို့ပေါင်းစုံရာ. . . ငပလီကမ်းခြေသာ
- ၄း၄၀ ထာဝရရှင်သန်ဖူးပွင့်နေမည့် သာသနာ့ဥယျာဉ်
- ၄း၅၀ ပတ္တမြားမြေသို့ အလည်တစ်ခေါက်
- ၅း၀၀ အစီအစဉ်ပြီး၏။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# ချင်းတောင်တန်းမှ ခမ်ထုတ်ကားငယ်လေးများ

**ရန်ကုန် စက်တင်ဘာ ၁၈**

သဘာဝတောတောင် အတားအဆီးများကြောင့် ချင်းပြည်နယ်အတွင်း တစ်မြို့နှင့်တစ်မြို့၊ တစ်ရွာနှင့် တစ်ရွာ သွားရေးလာရေးတွင် အခက်အခဲများစွာ ရှိပေသည်။

တောင်တက်တောင်ဆင်း တစ်နေရာနှင့် တစ်နေရာ သွားလာမှုလွယ်ကူစေရန် ချင်းတိုင်းရင်းသားများက မိမိတို့၏ ကိုယ်ပိုင်နည်းပညာဖြင့် ဖန်တီးထားသည့် ခမ်ထုတ်ကား(ခေါ်) တောင်ပေါ်ကားများကို အဓိကထားသုံးစွဲကြသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ထင်းသယ်၊ ရေခပ်လုပ်ငန်းများတွင် ထိုခမ်ထုတ်ကားငယ်လေးများကို သုံးကြရပြီး ခရီးတိုတွင် အဓိကအားထားရသည့် ဒေသလုပ် ကားငယ်များဖြစ်သည်။

ချင်းတိုင်းရင်းသား လူငယ်တစ်ဦးက " ကျွန်တော်တို့တောင်ပေါ်မှာ ခမ်ထုတ်ကားငယ်တွေနဲ့ ပစ္စည်းသယ်ကြ၊ ရေခပ်ကြရပါတယ်၊ ကားအရွယ်အစားကတော့ အမျိုးမျိုးရှိပါတယ်။ တောင်ပေါ်ကိုတက်ရင် တွန်းပြီးယူသွားရသလို ကြိုးနဲ့လည်းဆွဲပြီး သယ်သွားကြပါတယ်။ အပြန် တောင်အဆင်းခရီးမှာတော့ လူက စတီယာရင်နဲ့ ဘရိတ်ကိုထိန်းပြီး မောင်းကြရတယ်။ ဒီကားလေးတွေကို ဘိုးဘွားစဉ်ဆက်ကတည်းက သုံးခဲ့ကြတာပါ။ ကျွန်တော်တို့ ချင်းတောင်တန်းက ဒေသခံတွေအတွက်တော့ အလွန်အသုံးတည့်တဲ့ မရှိမဖြစ် ပစ္စည်းတစ်ခုဖြစ်ပါတယ်" ဟု ရှင်းပြသည်။

ခမ်ထုတ်ကားများကို ချင်းပြည်နယ် ကျေးရွာအနှံ့အပြားတွင် ယနေ့တိုင်တွင်ကျယ်စွာ သုံးစွဲနေပြီး အဆိုပါ ကားငယ်လေးများကို သစ်သားကိုယ်ထည်၊ ဘီး၊ စတီယာရင်နှင့် ဘရိတ်တို့ အပြည့်အစုံ တပ်ဆင်ထား၍ မိမိတို့ တတ်နိုင်သလောက် အရွယ်အစား မျိုးစုံပြုလုပ်သုံးစွဲနေကြဆဲဖြစ်ကြောင်း မြင်တွေ့ခဲ့ရသည်။ (ကိုကြီးသာ)

ထင်းတုံးများကို တင်ဆောင်လာသော ခမ်ထုတ်ကားတစ်စီးအား တွေ့ရစဉ်။

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ကျောက်တော်၊ ပလက်ဝ မြို့မိမြို့ဖများနှင့် တွေ့ဆုံ ဒေါင်းတော်ယိုးအဆင့်မြင့်စုပေါင်းလယ်ယာ ဓာတ်မြေဩဇာကြဲပက်ပွဲ ကြည့်ရှုအားပေး

**နေပြည်တော် စက်တင်ဘာ ၁၈**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် စက်တင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီတွင် ကျောက်တော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကစ္ဆပနဒီခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တောင်သူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံရာ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးက မြို့နယ်ဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မွန်းတည့် ၁၂ နာရီတွင် ကျောက်တော်မြို့နယ် ဒေါင်းတော်ယိုး အဆင့်မြင့် စုပေါင်းလယ်ယာ မိုးစပါးဧက ၁၀၀ စိုက်ကွင်း၌ အသင်းသူ၊ အသင်းသားများ၏ ဓာတ်မြေဩဇာ ကြဲပက်နေမှုများကို ကြည့်ရှုအားပေးပြီး စုပေါင်းလယ်ယာ အသင်းဝင် တောင်သူများအား တွေ့ဆုံအားပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ညနေ ၅ နာရီတွင် ပလက်ဝမြို့ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံခဲ့သည်။ (သတင်းစဉ်)

**စက်တင်ဘာ ၁၀ ရက်က ရန်ကင်းမြို့နယ် အမှတ်(၄) အခြေခံပညာ အလယ်တန်းကျောင်း ပညာ့တန်ဆောင်ခန်းမ၌ ကျင်းပသည့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် သူငယ်တန်းမှ ဒုတိယတန်းအထိ သုံးနှစ်ဆက်တိုက် ပထမဆုရရှိသော မောင်ရဲဘုန်းမင်းအား ကျောင်းအုပ်ဆရာကြီး ဦးကျော်မြင့်ဆွေ ဆုချီးမြှင့်စဉ်။**

(ပညာရေး)

**✳ ကျောဖုံးမှ**

သီးနှံစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ၊ ဆန်စပါးတိုးတက်ဖွံ့ဖြိုးရေးတွင် မျိုးစေ့ထုတ်လုပ်ရေး၊ ဓာတ်မြေဩဇာပိုမိုအသုံးပြုရေး၊ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး၊ တောင်သူလယ်သမားများ လိုအပ်သည့် အရင်းအနှီးများ ကူညီဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

**အကြံပြုဆွေးနွေး**

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းဥက္ကဋ္ဌ ဦးချစ်ခိုင်၊ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ အကြံပေးပုဂ္ဂိုလ်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက ဆန်စပါးစီးပွားရေးလုပ်ငန်းများနှင့် ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးလာရေးတို့နှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

**လှည့်လည်ကြည့်ရှု**

ဆွေးနွေးပွဲအပြီးတွင် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများသည် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာမှ ဧက ၄၀ စံပြစိုက်ခင်းနှင့် စက်မှုလယ်ယာစိုက်ခင်း၊ အောင်သုခကျေးရွာမှ တောင်သူများ စိုက်ပျိုးထားသော အထူးအထွက်တိုးစံပြစိုက်ခင်းနှင့် စိုက်ပျိုးရေးတက္ကသိုလ်(ရေဆင်း)မှ စပ်မျိုးစပါးဧက ၁၀၀ မျိုးစေ့ထုတ်စိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

## ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် နေပြည်တော်-ကန်ပြား(မကွေး) ကားလမ်းနှင့် မကွေး-ပျော်ဘွယ် လမ်းပေါ်ရှိ တံတားများ ပြုပြင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ကျားထူးချောင်းတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

**နေပြည်တော် စက်တင်ဘာ ၁၈**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား-(မကွေး) ကားလမ်း မိုင်တိုင်အမှတ်(၉/၃)နှင့်(၉/၄) အကြားတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကျချောင်းရေတိုက်စားပြီး ပျက်စီးသွားသည့် ငလိုက်ချောင်းတံတား ပေ ၂၀၊ လေးခန်းတွဲ Box Culvert နေရာ၌ အစားထိုးတည်ဆောက်လျက်ရှိသော နှစ်လွှာတစ်ထပ်ဘေလီ ပေ ၁၃၀ နှင့် နှစ်လွှာနှစ်ထပ်ဘေလီ ပေ ၇၀ စုစုပေါင်း အရှည်ပေ ၂၀၀ ရှိ ဘေလီတံတားပေါ်မှ လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မကွေး-မြို့သစ်-နတ်မောက်-ရွာမွန်-ပျော်ဘွယ် လမ်းပေါ်ရှိ ယင်းချောင်းတံတား ရေတိုက်စားမှုအား ပြန်လည်ပြုပြင်နေမှု၊ အရှည်ပေ ၅၅၀ရှိ ဝါးခုတ်ချောင်းရေကျော် တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျားထူးချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ကွန်ကရစ်ရက်မများ တစ်ပြိုင်တည်းသွန်းလောင်းနေမှု၊ တံတားလက်ရန်းများ၊ တံတားကြမ်းခင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကျားထူးချောင်းတံတားသည် မကွေးတိုင်းဒေသကြီး မကွေး-နတ်မောက်-ပျော်ဘွယ်လမ်းပေါ်တွင် တည်ရှိ၍ တံတားအမျိုးအစားမှာ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး တံတားအရှည် ပေ ၄၈၀၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နတ်မောက်-ပျော်ဘွယ်လမ်းမှ ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်သို့ အတက်အဆင်းလမ်း ဆောင်ရွက်ရန်အတွက် စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ၌ ဒေသခံပြည်သူများအား ရှင်းလင်းပြောကြားစဉ်။**

(သတင်းစဉ်)

## မိမိတို့ ဆောင်ရွက်နေသည့်လုပ်ငန်းသည် ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆောင်ရွက်ရ ပြည်သူအပေါ် ယဉ်ကျေးပျူငှာစွာ ဆက်ဆံကာ ပြည်သူ့ဆန္ဒကို အလေးထားဖြည့်ဆည်း

နေပြည်တော် စက်တင်ဘာ ၁၈

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် စက်တင်ဘာ ၁၇ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြို့နယ်နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်း စိစစ်ကြီးကြပ်ရေးအဖွဲ့ဝင်များက အများပြည်သူရုံးပိတ်ရက်တွင် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေ စာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ သတ်မှတ်နှုန်းထားနှင့် သတ်မှတ်ကာလအတွင်း လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် ဖြေလျှော့ဆောင်ရွက်ပေးနေမှု၊ ပြည်သူများအပိုင်းက စာရင်းဇယားပုံစံများတွင် အချက်အလက်များ မှန်ကန်စွာ ဖြည့်သွင်းနိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များ၊ အိမ်ထောင်စုလူဦးရေ စာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပျက်စီးပျောက်ဆုံးမှုမရှိစေရေးအတွက် ဂရုပြုထိန်းသိမ်းရေး၊ မိမိသဘောအလျောက် ပြုပြင်ရေးသားခြင်းမပြုကြရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး လုပ်ငန်းဆိုင်ရာ အခက်အခဲများကို မေးမြန်းဆွေးနွေးဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ပန်းတနော်မြို့နယ် မရမ်းကျေးရွာရှိ ကိုးနဝင်းအောင် ဓမ္မာရုံနှင့် ကျောင်းကုန်းမြို့နယ် ကညင်သုံးဆင့်ကျေးရွာရှိ သာသနာ့ရက်ခွဲတကျောင်းတိုက် ဓမ္မာရုံတို့၌ မိမိဌာနဝန်ထမ်းများနှင့် တာဝန်ရှိသူများ ပူးပေါင်းကာ ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများလွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ပေးနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တာဝန်ရှိသူများအား ပုသိမ်မြို့ရှိ ရဲရိပ်သာဧည့်ခန်းမ၌ တွေ့ဆုံကာ တိုင်းဒေသကြီးအတွင်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီးအတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဒေသကြီး/ခရိုင်/မြို့နယ် ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများအား ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ တွေ့ဆုံ၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းသည် ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်သည်နှင့်အညီ အရှိန်အဟုန်မပျက် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့ဆောင်ရွက်နေသည့် လုပ်ငန်းသည် ပြည်သူနှင့်တိုက်ရိုက်ထိတွေ့ ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်၍ ပြည်သူအပေါ် ယဉ်ကျေးပျူငှာစွာ ဆက်ဆံကာ ပြည်သူ့ဆန္ဒကို အလေးထား ဖြည့်ဆည်းပေးကြရန် လိုကြောင်းဖြင့် မှာကြားခဲ့သည်။ (သတင်းစဉ်)

**❒ နေပြည်တော်မှ**

အလေးမပြိုင်ပွဲ၌ ပထမဆုရ လှမိုး(ပဲခူးကလပ်)၊ ဒုတိယဆုရ ဇော်မင်းပိုင်(ဘားအံကလပ်)၊ တတိယဆုရ ပိုင်စိုးသန့်ဇင်(ရန်ကုန်ကလပ်)၊ အမျိုးသား ၅၆ ကီလိုတန်း အလေးမပြိုင်ပွဲ၌ ပထမဆုရ ထွန်းထွန်းအောင်(ရန်ကုန်ကလပ်)၊ ဒုတိယဆုရ စောဇရာအောင်(မန္တလေးကလပ်)၊ တတိယဆုရ ဇော်မင်းဦး(ထားဝယ်ကလပ်)တို့အား လည်းကောင်း အမျိုးသား ၄၆ ကီလိုတန်း လက်ဝှေ့ပြိုင်ပွဲ၌ ပထမဆုရ ရန်မျိုးအောင်(ရန်ကုန်ကလပ်)၊ ဒုတိယဆုရ ကျော်ခိုင်ဦး(ဘားအံကလပ်)၊ တတိယဆုရ ကိုကိုဦး(ကျိုင်းတုံကလပ်)၊ အမျိုးသား ၄၉ ကီလိုတန်း လက်ဝှေ့ပြိုင်ပွဲ၌ ပထမဆုရ မျိုးလင်းကျော်(ဘားအံကလပ်)၊ ဒုတိယဆုရ မင်းဇော်(ကျိုင်းတုံကလပ်)နှင့် တတိယဆုရ စည်သူထွန်း(စစ်တွေကလပ်)တို့အား ဆုတံဆိပ်နှင့်ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

၂၀၁၁ ခုနှစ် နေပြည်တော် Champion Challenge Cup Tournament တတိယအသုတ် အားကစားပြိုင်ပွဲများအဖြစ် ရိုးရာလက်ဝှေ့ပြိုင်ပွဲ၊ ပြေးခုန်ပစ်ပြိုင်ပွဲနှင့် စက်ဘီးပြိုင်ပွဲများကို စက်တင်ဘာ ၂၂ ရက်တွင် နေပြည်တော်ပျဉ်းမနားရှိ ပေါင်းလောင်းအားကစားခန်းမ၌ ဖွင့်ပွဲအခမ်းအနားဖြင့် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

**မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ၂၀၁၁ ခုနှစ် နေပြည်တော် Champion Challenge Cup Tournament လက်ဝှေ့ဗိုလ်လုပွဲကို ကြည့်ရှုအားပေးစဉ်။**

(သတင်းစဉ်)

## ကန်ကြီးထောင့်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် လှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီတွင် ကန်ကြီးထောင့်မြို့နယ် ဒါးကအခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းဆောင်အတွင်း ကျောင်းသား၊ ကျောင်းသူများ စာသင်ကြားနေမှု အခြေအနေများနှင့် Lucky Myanmar ဆောက်လုပ်ရေးကုမ္ပဏီ၏ ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျောင်းဝင်းအတွင်းရှိ နဝရတ်ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ၊ ဆရာမများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ဒါးကကျေးရွာ ပညာနေခြည် စာကြည့်တိုက် ရန်ပုံငွေအတွက် ဒေသခံပြည်သူများက အလှူငွေကျပ် ၁၆ သိန်းနှစ်သောင်းနှင့် စာကြည့်တိုက်အဆောက်အအုံ ဆောက်လုပ်ရေးအတွက် အလှူငွေကျပ် ၂၅ သိန်း၊ ပညာနေခြည် စာကြည့်တိုက်အတွက် နိုင်ငံတော်က ထောက်ပံ့ငွေကျပ် ငါးသိန်း၊ ဆန်စက်ပိုင်ရှင်များက ဒါးကအခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ၊ ဆရာမများအား ထောက်ပံ့ဆန် ၃၅ အိတ်၊ ဧရာရွှေဝါကုမ္ပဏီက ဒါးကမြို့မ အခြေခံပညာမူလတန်းလွန်ကျောင်းအတွက် အလှူငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်း ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်း လယ်ယာကဏ္ဍနှင့် ပညာရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်ကို တိုင်းဒေသကြီး၏ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေးအထူးနှစ်အဖြစ် သတ်မှတ်ဆောင်ရွက်နေကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေးအတွက် ယခုအချိန်ကတည်းက လစဉ်စစ်ဆေးသည့် လပတ်စာမေးပွဲများ၏ အောင်ချက်ရာခိုင်နှုန်းကိုပါ အလေးထားဂရုပြုရန်လိုကြောင်း၊ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရန်အတွက် အဆိုပါဒေသတွင် ပညာတတ်များစွာရှိရန် လိုအပ်ကြောင်း၊ ထို့ကြောင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များစွာ ပေါ်ထွန်းလာအောင် တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒါးကကျေးရွာရှိ ပညာနေခြည်စာကြည့်တိုက် အဆောက်အအုံ ဆောက်လုပ်နေမှုနှင့် ဒါးကဘူတာရုံအတွင်း ရထားဆိုက်ရောက်မှု၊ ဘူတာရုံ သန့်ရှင်းသာယာလှပမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒါးကတရုတ်ဘုံကျောင်းခန်းမ၌ ကျင်းပသည့် အောင်ရတနာ အသေးစားငွေစုငွေချေးလုပ်ငန်း၏ ဒုတိယအကြိမ် ငွေထုတ်ချေးမှုအခမ်းအနားသို့ တက်ရောက်ရာ ရွှေကန်သာကုမ္ပဏီက မတည်ရင်းနှီးငွေကျပ်သိန်း ၃၀ ကို ပေးအပ်သည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ငွေစုငွေချေးအသင်းဝင်များအား ငွေထုတ်ချေးပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ဒါးကမြို့မ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုနှင့် ကျောင်းသား၊ ကျောင်းသူများ စာသင်ကြားနေမှုတို့ကို လည်းကောင်း၊ ကန်ကြီးထောင့်မြို့နယ် ဒါးကကျေးရွာရှိ 'မာန်ကြီးကြီး' ဆန်စက်၌ စပါးကြိတ်ခွဲနေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

ပြည်တွင်း ပြည်ပ အားကစားသတင်းများ

ပြည်တွင်း ပြည်ပ အားကစားသတင်းများ

# ပထမအကြိမ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၈

**၂၀၁၁ ခုနှစ် ပထမအကြိမ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ပျဉ်းမနားမြို့ ပေါင်းလောင်း အားကစားကွင်း၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့် တက်ရောက်ဖွင့်လှစ်ပေးသည်။**

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ နေပြည်တော် ကောင်စီဝင်များ၊ နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဘောလုံးပွဲကြည့်ပရိသတ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်ဘောလုံးအသင်း ရှစ်သင်းသည် အားကစားကွင်းအတွင်းရှိ သတ်မှတ်နေရာများ၌ နေရာယူကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ၂၀၁၁ ခုနှစ် ပထမအကြိမ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဒိုင်း ဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်းများက အားကစားကတိသစ္စာကို ရွတ်ဆိုခံယူကြပြီး ပြည်ထောင်စုဝန်ကြီးအား အလေးပြုကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌဒိုင်း ဘောလုံးပြိုင်ပွဲ ပထမပွဲစဉ်အဖြစ် ပျဉ်းမနားမြို့နယ် ဘောလုံးအသင်းနှင့် တပ်ကုန်းမြို့နယ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

၂၀၁၁ ခုနှစ် ပထမအကြိမ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဒိုင်း ဘောလုံးပြိုင်ပွဲသို့ နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ တပ်ကုန်းမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်တို့မှ ဘောလုံးအသင်း ရှစ်သင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ပြိုင်ပွဲများကို အောက်တိုဘာ ၅ ရက်အထိ ကျင်းပသွားမည် ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်နှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းတို့ ၂၀၁၁ ခုနှစ် ပထမအကြိမ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဒိုင်း ဘောလုံးပြိုင်ပွဲ ပထမပွဲစဉ်အဖြစ် ပျဉ်းမနားမြို့နယ် ဘောလုံးအသင်းနှင့် တပ်ကုန်းမြို့နယ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)

# အိမ်ကွင်းတွင် ဇေယျာရွှေမြေနှင့် ရန်ကုန်ခြေစွမ်းပြ

**ရန်ကုန် စက်တင်ဘာ ၁၈**

**MNL Grand Royal 2011 အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်(၁၉) ကို စက်တင်ဘာ ၁၇ ရက် ညနေပိုင်းက ဆက်လက်ကျင်းပသည်။**

**YUSC ကွင်း**

**ရန်ကုန်ယူနိုက်တက် - လေးဂိုး**

(မျိုးမင်းထွန်း-နှစ်ဂိုး၊ အိုဘီ၊ ဂျူပီနယ်)

**ဥသာယူနိုက်တက် - ဂိုးမရှိ**

ထိပ်ဆုံးတွင် ဦးဆောင်နေသည့် ရန်ကုန်ယူနိုက်တက် အသင်းမှာ အမှားအယွင်းမရှိ ဆက်လက်နိုင်ပွဲယူနိုင်ခဲ့သည်။ ပထမပိုင်းပြီးခါနီးတွင် တိုက်စစ်မှူးချာလက်စ်အိုဘီ ထုတ်ခံရသော်လည်း ၁၀ ယောက်တည်းဖြင့် ရန်ကုန်တို့ ခြေစွမ်းပြပြီး အနိုင်ယူခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အတွက် ဂိုးများကို ပွဲကစားချိန် မိနစ် ၂၀ တွင် အိုဘီ၊ ၄၃ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် မျိုးမင်းထွန်း၊ ၅၇ မိနစ်တွင် ဂျူပီနယ်နှင့် ၇၅ မိနစ်တို့တွင် ပြစ်ဒဏ်ဘောမှတစ်ဆင့် မျိုးမင်းထွန်းတို့က သွင်းယူခဲ့သည်။

**မုံရွာကွင်း**

**ဇေယျာရွှေမြေ - သုံးဂိုး**

(ဘော့စကို၊ ဒါဆေးလ်ဗား၊ ဇော်လင်းထွန်း)

**Southern - ဂိုးမရှိ**

ချန်ပီယံဆုအတွက် အပြိုင်ဖြစ်နေသည့် ရန်ကုန်နှင့် ဧရာဝတီတို့ နိုင်ပွဲရရှိချိန်တွင် ဇေယျာရွှေမြေအသင်းမှာလည်း အိမ်ကွင်းတွင် ခြေစွမ်းပြပြီး နိုင်ပွဲရယူနိုင်ခဲ့သည်။ အနိုင်ဂိုးများကို ၃၂ မိနစ်တွင် ဘော့စကို၊ ၆၆ မိနစ်တွင် ဒါဆေးလ်ဗားနှင့် ၉၂ မိနစ်တွင် ဇော်လင်းထွန်းတို့က သွင်းယူခဲ့သည်။

**KBZ ကွင်း**

**ကမ္ဘောဇ - တစ်ဂိုး**

(စိုးမင်းဦး)

**မကွေး - တစ်ဂိုး**

(စည်သူဝင်း)

**၁၈ - ၉ - ၂၀၁၁**

**YUSC ကွင်း**

**နေပြည်တော် - လေးဂိုး**

(လီအန်ဒရို- နှစ်ဂိုး၊ နေဇော်ထက်၊ စည်သူသန်း)

**ရက္ခပူရယူနိုက်တက် - နှစ်ဂိုး**

(သန်းစိုးအောင်၊ စတန်လေ)

**ယနေ့ပွဲ**

**YUSC ကွင်း**

**ဇွဲကပင်ယူနိုက်တက် - မနောမြေ**

သတင်းမှတ်စုနှင့်ဓာတ်ပုံ

ရှိုင်းထက်ဇော်

ရက္ခပူရမှ မာတင်နှင့် နေပြည်တော်မှ မိုးဝင်းတို့ အကြိတ်အနယ်။

# တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၈**

၂၀၁၁ ခုနှစ် (၁၇)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆဋ္ဌမနေ့ပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် လူငယ် အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ရှိ ပိုက်ကျော်ခြင်းအားကစားရုံ၌ ဆက်လက်ကျင်းပရာ အမျိုးသားနှစ်ယောက်တွဲ ရှုံး/ထွက်ပြိုင်ပွဲများတွင် ရန်ကုန်တိုင်းဒေသကြီး အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ တနင်္သာရီတိုင်းဒေသကြီး အသင်းက မကွေးတိုင်းဒေသကြီးအသင်းကိုနှစ်ပွဲ တစ်ပွဲ၊ ဧရာဝတီတိုင်းဒေသကြီး အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲ၊ မန္တလေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့် အနိုင်ရရှိကြသည်။

အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲများတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီး အသင်းကို နှစ်ပွဲပြတ်၊ မွန်ပြည်နယ်(ခ)အသင်းက တနင်္သာရီတိုင်းဒေသကြီး အသင်းကို နှစ်ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီး အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲ၊ အမျိုးသမီး နှစ်ယောက်တွဲ ရှုံး/ထွက်ပြိုင်ပွဲများတွင် မွန်ပြည်နယ်(ခ) အသင်းက မွန်ပြည်နယ်(က)အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီး (က) အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီး အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ မကွေးတိုင်းဒေသကြီး အသင်းက စစ်ကိုင်းတိုင်းဒေသကြီး (ခ) အသင်းကို နှစ်ပွဲပြတ်တို့ဖြင့် အနိုင်ရရှိကြသည်။

ဗိုလ်လုပွဲများကို စက်တင်ဘာ ၁၉ ရက် နံနက် ၈ နာရီတွင် အဆိုပါ အားကစားရုံ၌ ဆက်လက်ကျင်းပမည် ဖြစ်သည်။

(သတင်းစဉ်)

# ဝိန်းရွန်နေးအား ဘရာဇီးဂန္ထဝင်ကစားသမား ပီလီနှင့် ဖာဂူဆန်နှိုင်းနှိုင်း

**မန်ချက်စတာ စက်တင်ဘာ ၁၈**

မန်ယူနည်းပြ ဖာဂူဆန်က ၎င်း၏ တိုက်စစ်မှူး ရွန်နေး**(အောက်ပုံ)**အား ဘရာဇီးဂန္ထဝင်ကစားသမား ပီလီနှင့် ခိုင်းနှိုင်းပြောဆိုခဲ့သည်။ ရွန်နေးသည် ကြာသပတေးနေ့ညက ကစားခဲ့သော ချန်ပီယံလိဂ်အဖွင့်ပွဲစဉ်တွင် အကောင်းဆုံး ပုံစံဖြင့် ကစားသွားသောကြောင့် ဖာဂူဆန် အနေဖြင့် ယင်းသို့ခိုင်းနှိုင်းခဲ့ခြင်းဖြစ်သည်။

ဖာဂူဆန်က ပီလီသည် တက်ကြွပြီး ထက်မြက်မှုရှိသော ဘောလုံးပါရမီရှင်တစ်ဦးဖြစ်ကြောင်း၊ ၎င်းကဲ့သို့ ရွန်နေးသည်လည်း ဖျတ်လတ်တက်ကြွပြီး ဖြတ်ထိုးဉာဏ်ကောင်းကာ ဘောလုံးဖြန့်ဝေမှုအပိုင်းတွင်လည်း အထူးကောင်းမွန်ကြောင်း၊ သို့သော် ၎င်းနှင့်ပီလီ ကွာခြားချက်မှာ ၎င်းသည် လူဖြူဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းကိုဗြိတိန်လူဖြူပီလီအဖြစ် တင်စားကြောင်း ထုတ်ဖော်ပြောကြားသည်။

ရွန်နေးသည်ယခုနှစ်ဘောလုံးရာသီ ပရီမီယာလိဂ် ပွဲစဉ်လေးပွဲတွင် ရှစ်ဂိုးအထိ သွင်းယူထားနိုင်ခဲ့သည်။

***အင်တာနက်။***

# ဝီဂန်တိုက်စစ်မှူး ဟူဂို ဒူးဒဏ်ရာကြောင့် ကာလရှည်အနားယူရတော့မည်

**လန်ဒန် စက်တင်ဘာ ၁၈**

ဝီဂန်အသင်းနည်းပြ ရောဘတ်တိုမာတီနက်ဇ်က အသင်း၏တိုက်စစ်မှူးဟူဂိုရိုဒယ်လီဂါသည် ပရီမီယာလိဂ်ပွဲစဉ်(၅) အဲဗာတန်နှင့် ကစားခဲ့သော ပွဲစဉ်တွင် ရရှိခဲ့သော ဒူးဒဏ်ရာကြောင့် ဘောလုံးကစားခြင်းမှ ကာလရှည် အနားယူရတော့မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

အသက်(၂၆)နှစ်အရွယ် ကိုလံဘီယာနိုင်ငံသားဟူဂိုသည် ဇူလိုင်လအတွင်းက ကိုပါအမေရိကဖလားတွင် မိခင်နိုင်ငံ ကိုလံဘီယာအသင်းကို ကွာတားဖိုင်နယ် ထိရောက်အောင် စွမ်းဆောင်ပေးခဲ့သူဖြစ်သည်။

၎င်း၏ဒဏ်ရာမှာ ပြင်းထန်ပုံရပြီး ယာဘက်ဒူးအရွတ် စုတ်ပြဲသွားခြင်းဖြစ်သည်။ အကယ်၍ ဆေးစစ်ချက် အတည်ပြုပြီးပါက မာတီနက်ဇ်အနေဖြင့် ၎င်း၏ တိုက်စစ်မှူးကို လအနည်းငယ် ဆုံးရှုံးရဖွယ်ရှိသည်။

***The Sun***

ဟိန်းထက်လင်း

(ကြေးမုံ)

# လီဗာပူးအသင်း၏ အဓိကမောင်းနှင်အားမှာ ဂျရတ်နှင့် ကာရေဂါဖြစ်ကြောင်း စပါးနည်းပြဟယ်ရီရက်ပ်နက်ဆို

**လန်ဒန် စက်တင်ဘာ ၁၈**

စပါးနည်းပြ ဟယ်ရီရက်ပ်နက်က လီဗာပူးနည်းပြ ကင်နီဒဲလ်ဂလစ်ရှ်အနေဖြင့် ပြီးခဲ့သည့် ဇန်နဝါရီအပြောင်းအရွှေ့ဈေးကွက်အတွင်း အန်ဒီကာရိုး၊ ချာလီအဒမ်၊ လူးဝစ်ဆွာရက်ဇ်၊ စတီးဝပ်ဒေါင်းနင်း၊ ဂျော်ဒန်ဟန်ဒါဆင်နှင့် ဂျိုအန်ရစ် တို့ ဝယ်ယူမှုအတွက် ပေါင် ၆၉ သန်းဝန်းကျင်ခန့် အသုံးပြုခဲ့သော်လည်း လီဗာပူးအသင်း၏ အဓိကမောင်းနှင်အားမှာ အသင်းခေါင်းဆောင် စတီဗင်ဂျာရတ်နှင့် ကာရေဂါတို့ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

ထို့ပြင် ၎င်းက ဂျရတ်သည် ကမ္ဘာ့အကောင်းဆုံး ကွင်းလယ်ကစားသမားများထဲတွင် တစ်ယောက်အပါအဝင်ဖြစ်ကြောင်း၊ ချယ်လ်ဆီးအသင်း၏ ကမ်းလှမ်းမှုကို ငြင်းပယ်ပြီး လီဗာပူးတွင်သာ ဆက်လက်နေလိုသည့် ၎င်း၏ စိတ်ဓာတ်ကိုချီးကျူးကြောင်းဆိုသည်။

ကာရေဂါသည်လည်း လီဗာပူး၏ အမာခံ ကစားသမားတစ်ဦးဖြစ်ကြောင်း၊ ၎င်း၏ဘောလုံးကစားပုံကို သံသယဖြစ်ရန်မလိုကြောင်း ဆိုသည်။

ထို့ပြင် ရက်ပ်နက်က ဒဲလ်ဂလစ်ရှ်သည်လည်း အကောင်းဆုံးနည်းပြများထဲတွင် ပါဝင်ကြောင်း၊ ၎င်းသည် ကစားသမားအသစ်ဝယ်ယူမှုအတွက် ပေါင် ၆၉ သန်းဝန်းကျင်ခန့် အသုံးပြုခဲ့သော်လည်း ယင်းသည် ငွေဖြုန်းတီးခြင်း မဟုတ်ကြောင်း၊ အသင်း၏လိုအပ်ချက်ကို ဖြည့်ဆည်းခြင်းသာဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဖာနန်ဒိုတောရက်စ်ကို ချယ်လ်ဆီးသို့ ရောင်းချခြင်းမှ ပေါင်သန်း ၅၀ ရရှိခဲ့၍ ဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်း၏ငွေသုံးစွဲမှုမှာ မှန်ကန်ကြောင်း ထုတ်ဖော်ပြောကြားသည်။

ဆက်လက်၍ ၎င်းက မိမိတို့အသင်းသည်လည်း ယခုနှစ်ဘောလုံးရာသီတွင် ကြီးလေးကြီးစာရင်းဝင်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ကြီးကျယ်ခမ်းနားသည့် ချန်ပီယံလိဂ်ပြိုင်ပွဲကြီးကို ဝင်ရောက်ယှဉ်ပြိုင်လို၍ဖြစ်ကြောင်း ဆိုသည်။ ***အင်တာနက်။***

# ပရီမီယာလိဂ်ပွဲစဉ်(၅) (တနင်္ဂနွေနေ့)ရလဒ်များ

| | | | | |
|---|---|---|---|---|
| စပါး | ၄ | - | ၀ | လီဗာပူး |
| မန်ယူ | ၃ | - | ၁ | ချယ်လ်ဆီး |
| ဖူလ်ဟမ် | ၂ | - | ၂ | မန်စီးတီး |
| ဆန်းဒါးလန်း | ၄ | - | ၀ | စတုတ်စီးတီး |

**○ ဒဗလျူဘီစီမှ**

အဆိုပါပွဲစဉ်၏ စတုတ္ထအချီတွင် ဘယ်ညာလက်သီးတွဲလုံးများဖြင့် မေဝယ်သာကို ကြိုးဝိုင်းထောင့်သို့ အရောက်ပို့နိုင်ခဲ့သော အော်တစ်ဇ်က တမင်ရည်ရွယ်ကာ မေဝယ်သာ၏မျက်နှာကို ခေါင်းဖြင့်တိုက်ခြင်းကြောင့် ဒိုင်လူကြီးက သတိပေးကာ ပြစ်ဒဏ်အဖြစ် တစ်မှတ်နုတ်၍ ကြိုးဝိုင်းအလယ်တွင် လက်ဝှေ့သမားနှစ်ယောက်ကို ပြန်ဆိုင်ပေးခဲ့သည်။

ကစားသမားနှစ်ဦး လက်ဝှေ့လက်အိတ်ချင်း ထိတွေ့နှုတ်ဆက်ကြပြီးနောက် ဒိုင်က နောက်သို့လှည့်ထွက်သွားစဉ် ဗစ်တာအော်တစ်ဇ်က ပွဲပြန်စရန်ဒိုင်လူကြီးထံမှ အချက်ပြမှုတစ်စုံတစ်ရာကို စောင့်နေခဲ့သည်။ ထိုအခြေအနေမှာပင် မေဝယ်သာက ရှေ့တစ်လှမ်းတိုးကာ ဘယ်ဝိုက်လက်သီးတစ်လုံး အော်တစ်ဇ်ထံ ပစ်သွင်းလိုက်ပြီး တစ်ဆက်တည်းပင် ညာလက်သီးတွဲလုံးဖြင့် ထက်ကြပ်မကွာထိုးကာ အော်တစ်ဇ်အား ကြမ်းပြင်ပေါ် မိနစ်တော်တော်ကြာအောင် အရောက်ပို့လိုက်သည်။ ဗစ်တာအော်တစ်ဇ်၏ ပရိသတ်များက အကြီးအကျယ်အော်ဟစ် ကန့်ကွက်ခဲ့ကြသော်လည်း ဒိုင်အဖွဲ့က တရားဝင်သည်ဟု အဆုံးအဖြတ်ပေးခဲ့သည်။

"ကျွန်တော်တို့ လက်အိတ်အချင်းချင်း ထိလိုက်ပြီးပြီလေ၊ အဲဒါ ပြိုင်ပွဲကိုဖွင့်လိုက်တာပဲပေါ့"ဟု ၄၂ ပွဲကစား၊ ရှုံးပွဲမရှိ၊ ၂၆ ပွဲ အလဲထိုးနိုင်ခဲ့သူ ဖလွိုက်မေဝယ်သာက ပြောကြားသည်။

ယခုပွဲအတွက် မေဝယ်သာအနေဖြင့် အမေရိကန်ဒေါ်လာ ၂၅ သန်း ရရှိမည်ဖြစ်ပြီး ကမ္ဘာ့နိုင်ငံများနှင့် ဒေသများစုစုပေါင်း ၁၆၈ ခုသို့ ရုပ်မြင်သံကြားထုတ်လွှင့်မှုမှလည်း ဒေါ်လာသန်း ၄၀ ခန့်ရရှိဦးမည်ဖြစ်သည်။ အရေးနိမ့်ခဲ့သူ ဗစ်တာအော်တစ်ဇ်မှာ ဒေါ်လာနှစ်သန်း ရရှိမည်ဖြစ်သည်။

**ဇင်ထူး**

ကတညုတာ စ တံ မင်္ဂလ မုတ္တမံ သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာမည်၏။

# ဆန်စပါးစီးပွားရေးလုပ်ငန်းများနှင့် ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးလာရေး အစိုးရဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေး

**ဆန်အရည်အသွေးကောင်းမွန်စေရေးအတွက် အခြောက်ခံကိရိယာများ၊ ရိတ်သိမ်းခြွေလှေ့စက်များ ကူညီပံ့ပိုး တောင်သူများ တွက်ခြေကိုက်ရေး ဆန်စပါးဈေးနှုန်းအား အကျိုးအမြတ်ရရှိရေးတွင် ကုမ္ပဏီများက ဆောင်ရွက်ပေး**

နေပြည်တော် စက်တင်ဘာ ၁၈

**Public-Private Partnership အစိုးရဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးခန်းမ၌ ကျင်းပသည်။**

အဆိုပါဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းနှင့် ဆန်စပါး အထူးပြုကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ပြည်တွင်း သတင်းဂျာနယ်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲအစီအစဉ်အရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဆန်စပါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ ဆန်စပါးစိုက်ပျိုးခြင်းမှ တောင်သူများ အကျိုးအမြတ်ရရှိရေး၊ ဆန်စပါးမျိုးကောင်း၊ မျိုးသန့်နှင့် မျိုးစေ့ထုတ်လုပ်ရေးအတွက် အထူးပြုကုမ္ပဏီများမှ မျိုးစေ့ထုတ်လုပ်သည့် ကုမ္ပဏီများပေါ်ထွန်းလာရေး၊ ဆန်အရည်အသွေးကောင်းမွန်စေရေးအတွက် အခြောက်ခံကိရိယာများ၊ ရိတ်သိမ်း ခြွေလှေ့စက်များ ကူညီပံ့ပိုးဆောင်ရွက်ပေးရေး၊ တောင်သူများ တွက်ခြေကိုက်ရေးအတွက် ဆန်စပါးဈေးနှုန်းအား အကျိုးအမြတ်ရရှိရေးတွင် ဆန်စပါးအထူးပြုကုမ္ပဏီများက ကူညီဆောင်ရွက်ပေးရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးကိစ္စရပ်များ၊ ဆန်စပါးကဏ္ဍနှင့် ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နိုင်မည့် ကိစ္စရပ်များ၊ တောင်သူလယ်သမားများ အစုအဖွဲ့များဖွဲ့စည်း၍ ကုမ္ပဏီလုပ်ငန်းရှင်များနှင့် ပူးပေါင်းလုပ်ကိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

ယင်းနောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ပြည်တွင်း ကူးသန်းရောင်းဝယ်မှုကိစ္စရပ်များ၊ ပြည်ပသို့ တင်ပို့မှု၊ ပြည်ပမှ တင်သွင်းမှု စသည့် ပြည်ပကုန်သွယ်မှုကိစ္စရပ်များ၊ စိုက်ပျိုးထုတ်လုပ်သူ၊ စားသုံးသူ၊ ရောင်းဝယ်သူများ အကျိုးကျေးဇူး မျှတစွာရရှိရေး ကိစ္စရပ်များ၊ ကုန်သွယ်မှုနှင့်ပတ်သက်သော ဆောင်ရွက်ပေးခဲ့သည့် အစီအစဉ်များနှင့် ဆက်လက်ဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ ဖွဲ့စည်းထားမှုနှင့် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✳

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း Public- Private Partnership အစိုးရဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲတွင် ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

# နေပြည်တော် Champion Challenge Cup Tournament လက်ဝှေ့ပိုလ်လုပွဲနှင့် ဒုတိယအသုတ် အားကစားပြိုင်ပွဲများ ဆုချီးမြှင့်

နေပြည်တော် စက်တင်ဘာ ၁၈

**၂၀၁၁ ခုနှစ် နေပြည်တော် Champion Challenge Cup Tournament လက်ဝှေ့ဗိုလ်လုပွဲနှင့် ဒုတိယအသုတ် အားကစားပြိုင်ပွဲများအတွက် ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ပျဉ်းမနားရှိ ပေါင်းလောင်းအားကစားခန်းမ၌ ကျင်းပပြီး ရှေးဦးစွာ အမျိုးသား လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲများတွင် ၄၆ ကီလိုတန်း၌ ရန်မျိုးအောင်(ရန်ကုန်ကလပ်)က ကျော်ခိုင်ဦး(ဘားအံကလပ်)ကို လည်းကောင်း၊ အမျိုးသား ၅၆ ကီလိုတန်း၌ အောင်ဘာလေ(ပုသိမ်ကလပ်)က ဝင်းကျော်သူ (ဘားအံကလပ်)ကို လည်းကောင်း အနိုင်ရဗိုလ်စွဲသွားသည်။**

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများက အလေးမပြိုင်ပွဲ၊ လက်ဝှေ့ပြိုင်ပွဲနှင့် စစ်တုရင်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယရရှိကြသူ အားကစားသမားမောင်/မယ်များအား ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက အလေးမပြိုင်ပွဲ အမျိုးသား ၆၂ ကီလိုတန်း၊ အမျိုးသား ၆၉ ကီလိုတန်း၊ အမျိုးသား ၅၂ ကီလိုတန်းနှင့် အမျိုးသား ၅၆ ကီလိုတန်းပြိုင်ပွဲများ၌ ဆုရရှိကြသူများအားလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ စစ်တုရင် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲနှင့် အားကစားနှင့် ကာယပညာသိပ္ပံအချင်းချင်း အလေးမပြိုင်ပွဲ အမျိုးသား ၆၉ ကီလိုတန်းနှင့် ၆၉ ကီလိုအထက်ပြိုင်ပွဲများ၌ ဆုရရှိကြသူများအား လည်းကောင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အမျိုးသား ၅၀ ကီလိုတန်း **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❒

## နိုင်ငံတကာအားကစား

**WBC ဝယ်လ်တာဝိတ်တန်း ဗိုလ်လုပွဲတွင် အော်တစ်ဇ်၏ ပေါ့လျော့မှုကို အခွင့်ကောင်းယူကာ မေဝယ်သာက အလဲထိုးသတ်နေစဉ်။**

# ဒဗလျူဘီစီ ဝယ်လ်တာဝိတ်တန်း ဗိုလ်လုပွဲ ဗစ်တာအော်တစ်ဇ်ကို ဖလွိုက်မေဝယ်သာ အလဲထိုး

**လာ့စ်ဗီးဂတ်စ် စက်တင်ဘာ ၁၈**

လက်ဝှေ့အားကစား၏ ပထမဆုံးဥပဒေသမှာ "မိမိကိုယ်ကို အခါမလပ် ကာကွယ်ထားပါ"ဟူ၍ဖြစ်သည်။ စက်တင်ဘာ ၁၇ ရက်(စနေနေ့ည)က ဖလွိုက်မေဝယ်သာနှင့် ရင်ဆိုင်ရသည့် ပွဲကြီးပွဲကောင်းတွင်မှ ဤဥပဒေသကို မေ့လျော့ခဲ့သည့် ဗစ်တာအော်တစ်ဇ်မှာ တစ်သက်မမေ့စရာ သင်ခန်းစာတစ်ရပ်ကို ရရှိခဲ့ပြီဖြစ်သည်။

**အံ့ဖွယ်ပွဲသိမ်း**

အမေရိကန်ပြည်ထောင်စု လာ့စ်ဗီးဂတ်စ်မြို့ အမ်ဂျီအမ်ဂရင်းဟိုတယ် ဥယျာဉ်တွင် ကျင်းပသည့် WBC ဝယ်လ်တာဝိတ်တန်းဗိုလ်လုပွဲကို လာရောက်ရှုစားအားပေးကြသည့် ပရိသတ် ၁၄၆၈၇ တို့ ရှေ့မှောက်တွင် ဖလွိုက်မေဝယ်သာက ပြိုင်ဘက် အော်တစ်ဇ်၏ အကြီးအကျယ်ပေါ့ဆမှုကို အမိအရအခွင့်ကောင်းယူကာ အလဲထိုးလိုက်ခြင်းဖြင့် လက်ဝှေ့သမိုင်းတွင် ကမ္ပည်းတင်ရမည့် အံ့ဖွယ်ပွဲသိမ်းတစ်ရပ်ဖြစ်သွားခဲ့သည်။ **စာမျက်နှာ ၁၀ ကော်လံ ၃ သို့** ○

### နေပြည်တော်နှင့် အနီးတစ်ဝိုက်

ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

### ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်

ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

### မန္တလေးမြို့နှင့် အနီးတစ်ဝိုက်

ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။